မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၉၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီဂျစ်အာရပ်သမ္မတနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၆ခုနှစ် ဇူလိုင်၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမိုဟာမက် ဟို(စ်)နီမူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တိုးတက်လာသည့်စိုက်ပျိုးရေးထွက်ကုန်များကိုအခြေခံ၍ တီထွင်ကြံဆမှုများဖြင့်ပေါင်းစပ်ပြီး အဆင့်မြင့်ကုန်ချောအဆင့်အထိ သွင်းကုန်အစားထိုးခြင်းသာမက ပို့ကုန်အဖြစ်ပါထုတ်လုပ် စက်မှုဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းသည့်စက်မှုလုပ်ငန်းများကိုရွေးချယ်လုပ်ကိုင် ထုတ်လုပ်မှုဖြစ်စဉ်အဆင့်ဆင့်ကို အလျဉ်မပြတ်ဆောင်ရွက်နိုင်သည့်စက်မှုလုပ်ငန်းများဦးစားပေးထူထောင်

နေပြည်တော် ဇူလိုင် ၂၂

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)ကို ယမန်နေ့ မွန်းလွဲ၁နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ■

ရည်မှန်းချက်ထား ဆောင်ရွက်သင့်သည့်အချက်များ

ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရေး၊ နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိစေမည့် နည်းပညာရရှိရေးနှင့် ပြည်တွင်း၌ နည်းပညာပြန့်ပွားရေး၊ နိုင်ငံတော်၏အရင်းအမြစ်နှင့် ကုန်ကြမ်းများကို ပိုမိုထိရောက် အကျိုးရှိစွာ အသုံးချပြီး တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး၊ ပြည်ပကဝင်ရောက်နေသော ကုန်ပစ္စည်းအချို့ကို ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြင့် အစားထိုးပြီး နိုင်ငံခြားငွေသုံးစွဲရမှု သက်သာစေရေးနှင့် ယင်းငွေကြေးကို စက်မှုလက်မှုလုပ်ငန်းသစ်များ ထူထောင်ရာတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးတို့ပင်ဖြစ်၏။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

အရည်အသွေးကောင်းစက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြန့်ကျဲနေသည့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို စုစည်း၍ နိုင်ငံတစ်ဝန်းတွင် စက်မှုဇုန်၁၈ဇုန်နှင့် စက်မှုဇုန်ခွဲများကို ထူထောင်ပေးထားသည်။

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များကိုထူထောင်ပြီး လိုအပ်သည့် အားပေးကူညီခဲ့မှုကြောင့် ယခင်က ပန်းပဲဖိုသာသာအဆင့်မှ ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုလျက် မော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ်များသည် အဓိကလိုအပ်သည်။ စက်မှုကဏ္ဍအတွက် လိုအပ်သည့် အရင်းအနှီးများကို စိုက်ပျိုးရေးကဏ္ဍမှ ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် အဓိကလိုအပ်သည့်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ လုံလောက်စွာ ရရှိရေးအတွက် ပညာရေးကဏ္ဍမှ လေ့ကျင့်သင်ကြား ပေးနေသည်။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍတိုးတက် မြင့်မားရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ စက်မှုဇုန်များက စိုက်ပျိုးရေးကဏ္ဍ အထောက် အကူပြု စက်ကိရိယာပစ္စည်းများကို ဦးစားပေး ထုတ်လုပ်သွားရမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်အတွင်းရှိ အစိုးရပိုင်နှင့်ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံများအတွက် ပြည်ပမှ မှာယူတင်သွင်းနေရသည့် စက်အရန်ပစ္စည်းများကိုလည်း စက်မှုဇုန်များကပင် အရည် အသွေးမီမီ လုံလုံလောက်လောက် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုပေသည်။

အရည်အသွေးကောင်း စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး အတွက် ကွန်ပျူတာသုံး ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ရေး၊ အဆင့်မြင့်နည်းပညာ၊ ကျွမ်းကျင်သည့် ပညာရှင်များ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြ ရမည် ဖြစ်သည်။

စက်မှုဇုန်များအနေဖြင့် စိုက်ပျိုးရေးကို အခြေခံနိုင်ငံအဖြစ်မှ စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်း နိုင်ရေးအတွက် အရည်အသွေးကောင်း စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး တက်ညီ လက်ညီ ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြဝတီရုပ်မြင်သံကြား

၂၃-၇-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ကိသုကောပမသုတ်"**

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"(၇)စင်တီမီတာရှိသော ဓားသမား"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ မိုးလေဝသသတင်း
- ၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၆၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ **"ဗုဒ္ဓမြတ်စွာ သာသနာအတွက် တစ်ရက်မနား တစ်သက် ကြိုးစားခဲ့သည့် ဆရာတော်"**
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိဗျတ္တိ"** (အပိုင်း-၁၆)

စီအန်ဂျီဓာတ်ငွေ့သုံးတက္ကဆီယာဉ်များ တက္ကသိုလ်၊ ကောလိပ်သို့ ယာဉ်စီးခသက်သာစွာပြေးဆွဲမည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ၅နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကား ပြောကြားရာတွင် တက္ကသိုလ်၊ ကောလိပ်များသို့ ပြေးဆွဲပေးလျက် ရှိသော (ဃ)လိုင်စင် ကြို/ပို့ယာဉ် စီးရေ ၉၀၀ကျော်ကို စီအန်ဂျီပြောင်းလဲ ပြီးဖြစ်၍ အမြန်ပြန်လည်ပြေးဆွဲနိုင်ရေး အတွက် ယာဉ်လိုင်းတာဝန်ခံများက စီစဉ် ဆောင်ရွက်ကြစေလိုကြောင်း၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီ လီမိတက်မှ စီအန်ဂျီဓာတ်ငွေ့သုံး ဟွန်ဒိုင်းအမျိုးအစား တက္ကစီယာဉ်များ အား တက္ကသိုလ်၊ ကောလိပ်များသို့ ယာဉ်စီးခနှုန်းထား သက်သာစွာဖြင့် ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေးပိုင် သင်္ဘော များနှင့် ပုဂ္ဂလိကသင်္ဘောများ၌ စီးနင်း လျက်ရှိသော ခရီးသွားပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရေး အတွက် ရေယာဉ်မောင်းနှင်ရာတွင် တာဝန်ရှိပဲ့နင်းများကိုသာ မောင်းနှင် ကြစေရေး ကြပ်မတ်စစ်ဆေးဆောင် ရွက်ကြစေလိုကြောင်း။

ရှင်းလင်းပြောကြား

ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရန် နှင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့ စေရေးအတွက် ကျောင်းကြိုကျောင်းပို့ ယာဉ်ကြီးကြပ်ရေးအဖွဲ့များနှင့် ဆရာ၊ ဆရာမများက ကျောင်းသား ကျောင်း သူများနှင့်မပြတ်ထိတွေ့ပြီး လိုအပ် ချက်များကို မြန်ဆန်ထိရောက်စွာ ဖြေရှင်း ပေးကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက တက္ကသိုလ်ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စ ရပ်များ၊ ပြည်သူများအဆင်ပြေ ချော မွေ့စွာ သွားလာနိုင်ရေးအတွက် စီမံ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗန္ဓုလသယ်ယူ ပို့ဆောင်ရေး ကုမ္ပဏီ လီမိတက်မှ ဒါရိုက်တာ ဒုတိယ ဗိုလ်မှူးကြီး သိန်းထွန်းဝင်းက ရန်ကုန်မြို့တွင်း ပြေးဆွဲမည့်ပါရမီ တက္ကစီယာဉ်များ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တင်ပြ ချက်များနှင့် ပတ်သက်၍ လိုအပ်သည် များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်း အဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံမှကုမ္ပဏီအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Ltd.မှ Vice President Mr. Makin Petplai ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Ltd. မှ Vice President Mr. Makin Petplai ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း ဗဟန်း ၃လမ်းမှတ်တိုင်အနီးတွင် နေထိုင်ကြသော မိဘများ၊ ခင်ပွန်း ၊ မောင်ဖြစ်သူတို့အားရည်စူး၍ အမှတ်(၈၆/က) ရှင်စောပုလမ်း စမ်းချောင်း ဒေါ်မြမြသိန်းကောင်းမှုအတွက် အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်၁၄ရက်
(အဖိတ်နေ့)
၂၃-၇-၂၀၀၆ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ တန်ခိုးတော်အနန္တပြည့်ဝမွမ်းထုံ ရွှေစည်းခုံ
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၂၅ ၈။ မြို့လှတပ်ကုန်းရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ မြန်မာဗီဒီယိုဇာတ်လမ်း **"လျှပ်စီးလက်သလိုအချစ်"** ကျော်ဟိန်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၃း၁၀ ၅။ အဆိုပြိုင်ပွဲ
၁၃း၂၅ ၆။ ဆင်းရွှေစပါးစိုက်သူများ စီးပွားရေးတွေအမှန်တိုးပွား
၁၃း၃၅ ၇။ အကပြိုင်ပွဲ
၁၃း၅၀ ၈။ အရာတော်ရေလှောင်တမံ
၁၄း၁၅ ၉။ အတီးပြိုင်ပွဲ
၁၄း၂၀ ၁၀။ **"ပေါင်ပေါ်ကျတဲ့မိုး"** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှန်၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၁၄း၃၅ ၁၁။ ပေါင်းစည်းအင်အား ရောဝတီမြစ်ကူးတံတားများ
၁၄း၄၅ ၁၂။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန အဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) (အထက-၄၊စမ်းချောင်း) [အမျိုးသားဝတ်ရွတ်အဖွဲ့]
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၇။ ညနေခင်းသတင်း
၁၈း၃၀ ၈။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၉။ သီရိဂေဟာ
၁၈း၅၅ ၁၀။ Discovery
၁၉း၁၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း၁၆)
၂၀း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၄)

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင်၁၅ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ဘက်စုံလှုပ်ရှားမှုထူးချွန်ဆုရ အမှတ်၂၀ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်ဝေအား ဆုချီးမြှင့်စဉ်။ (၄၀၀)

ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပညာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၂

ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပညာရေးအထောက်အကူပြုပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၉နာရီတွင် ပျဉ်းမနားခရိုင် ခြေလျင်စု ကျေးရွာ အမှတ်(၁၅၈) အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက်ခရိုင်အသင်းမှ စာအုပ်၊ ခဲတံများအတွက် လှူဒါန်းငွေကျပ် ၂၇၆၀၀ကို ခရိုင်အတွင်းရေးမှူး ဦးခင်မောင်ဌေးကလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များက လှူဒါန်းသော ငွေကျပ်၄၂၀၀၀၀ကို မြို့နယ် အသင်းအတွင်းရေးမှူး ဦးမြင့်ကျော်ကလည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၃၆) သစ်ဆိမ့်ပင်(အရှေ့) ကျောင်းအတွက် စာသင်ခုံ ၁၀ ခုံ တန်ဖိုးငွေကျပ် ၁၄၀၀၀၀ကို အလှူရှင် ဦးသိန်းထွေး-ဒေါ်မြစန်းလှ(နန်းစိန်မုန့်တိုက်) တို့ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လက်ခံသည်။

ဆက်လက်၍ အလှူရှင်များက ပျဉ်းမနားခရိုင်ရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် ပညာရေးအထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ကျေးဇူးတင်

ယင်းနောက် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၃၆) သစ်ဆိမ့်ပင်(အရှေ့) ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စာသင်ခုံများပြုလုပ်ရန် အလှူငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြင့်ကျော်က လက်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် အထက(၁၀)၌ ဆေးလိပ်ကင်းစင်ဆိုင်းဘုတ်တင်

ရန်ကုန် ဇူလိုင် ၂၂

တာမွေမြို့နယ် ဗျိုင်းရေအိုးစင်(ကွက်သစ်)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ တာမွေမြို့နယ် အထက(၁၀)ကျောင်း၌ ဆေးလိပ်ကင်းစင်ကျောင်း ကျောင်းအဖြစ် သတ်မှတ်ရေးဟောပြောပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြက ဆေးလိပ်ကင်းစင်ကျောင်းသတ်မှတ်ရခြင်းအကြောင်း ဟောပြောသည်။ ထို့နောက် လူမှုရေးအဖွဲ့ဝင်များဖြင့် ဆေးလိပ်ကင်းစင်ကျောင်းဆိုင်းဘုတ်ကို ကျောင်းဝင်းအတွင်း စိုက်ထူလိုက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ဂျီးရီးယားတွင်အဆောက်အအုံပြိုကျ၊ လူ ၅၀ ကျော်သေဆုံး

လာဂို့စ် ဇူလိုင် ၂၂

နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့တွင် အဆောက်အအုံတစ်ခုပြိုကျမှုဖြစ်ခဲ့ရာတွင် လူ ၅၀ ကျော်သေဆုံးခဲ့ရကြောင်း လာဂို့စ်မြို့ရှိအရာရှိများက ဇူလိုင် ၁၉ ရက်၌ ပြောကြားသည်။ (အပေါ်ပုံ)

လာဂို့စ်မြို့မှ အရာရှိတစ်ဦးဖြစ်သူ အနီဘာဘာက ပြောကြားရာ၌ အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးသူလူ ၅၀ ၏ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြောကြားသည်။ ထို့ပြင်အဆောက်အအုံပျက်များအောက်တွင်သေဆုံးသူ သို့မဟုတ် ပိတ်မိနေသူများရှိနိုင်ကြောင်းလည်း ၎င်းကပြောကြားသည်။

အဆိုပါအဆောက်အအုံမှာ ဇူလိုင် ၁၈ ရက်ည ၇ နာရီခန့်က ပြိုကျခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံပျက်အတွင်းမှ လူ ၄၅ ဦး ကယ်ဆယ်နိုင် ခဲ့ကြောင်း သိရသည်။

ပြောကြား

အဆောက် အအုံပြိုကျမှုမှာ မတော်တစ်ဆဖြစ်ရပ် ဖြစ်ကြောင်း သေဆုံးသူအများမှာ ကလေးငယ်များနှင့် မိခင်များ ဖြစ် ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဆောက်အအုံ ပြိုကျမှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ကြောင်း ၎င်းအဆောက်အအုံအတွင်း လူ ၁၂၀ ခန့် နေထိုင်လျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှားဆူနာမီ သေဆုံးသူ ၅၄၇ ဦးရှိသွားပြီ

ဂျကာတာ ဇူလိုင် ၂၂

အင်ဒိုနီးရှားနိုင်ငံ ဂျားဗားကျွန်းတွင်၆ ဒသမ ၈ ပြင်းအားရှိသောလှိုင်းကြောင့် ဆူနာမီ ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူပေါင်း အနည်းဆုံး ၅၄၇ ဦးရှိပြီး ၄၆၅ ဦး ဒဏ်ရာရရှိကာ ၃၂၃ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဘေးအန္တရာယ် စီမံခန့်ခွဲရေးဘုတ်အဖွဲ့က ဂျကာတာ၌ ဇူလိုင် ၂၀ ရက်က ပြောကြားသည်။

လူပေါင်း ၅၅၄၁ ဦးမှာ ဆူနာမီ ဒီလှိုင်းခံရပြီး အဆောက်အအုံများ ပျက်စီးခဲ့သဖြင့် ဒုက္ခသည်စခန်းများ၌ တဲအိမ်များဖြင့် ဒုက္ခရောက်နေကြကြောင်း ဘုတ်အဖွဲ့အကြီးအကဲ ဆီတီ ယိုဆူတာမိုက ဆင်ဟွာသို့ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိန္ဒိယ၊ တောင်အာဖရိကနှင့် ဘရာဇီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မည်

ဒါဘန် ဇူလိုင် ၂၂

နောက်လတွင် တောင်အာဖရိက၌ကျင်းပမည့်သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးညီလာခံတွင် အိန္ဒိယ၊ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံတို့သည် အသေးစားစီးပွားရေးလုပ်ငန်းများ၊ ဘဏ္ဍာငွေကြေးနှင့် နည်းပညာ အထောက်အကူများရရှိရန်အတွက် စည်းမျဉ်းများကို စူးစမ်းဖော်ထုတ် ဆောင်ရွက်သွားရန် ခန့်မှန်းထားသည်။

တက်ရောက်

ယင်းထိပ်သီး အစည်းအဝေး ကို ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အမျိုးသား အသေးစားစက်မှုကော်ပိုရေးရှင်း (အင်ဆစ်)၊ တောင်အာဖရိက ၏ အသေးစား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးရေးအေဂျင်စီ (ဆီဒါ)နှင့် ဘရာဇီး မက်ခရိုနှင့် အသေးစား စီးပွားရေး အထောက်အကူပြုလုပ်ငန်း (ဆက်ဘရီး) တို့ ပါဝင်တက်ရောက်ကြမည် ဖြစ်သည်။

ပြောကြား

သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် သုံးနိုင်ငံ၏အသေးစားစီးပွားရေးလုပ်ငန်းကဏ္ဍတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆီဒါ၊ ဆက်ဘရီးနှင့် အင်ဆစ်တို့ကို အချိတ်အဆက်မိအောင် ဖန်တီးဆောင်ရွက်မည်ဟု တောင်အာဖရိကနိုင်ငံမှ ကုန်သွယ်ရေးနှင့် စက်မှုဒုတိယဝန်ကြီး အယ်လီဇာဘက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လူသားချင်းစာနာ ကူညီရေးအဖွဲ့ လက်ဘနွန်နိုင်ငံအတွင်းဝင်ခွင့်ပြု

ဂျေရုဆလင် ဇူလိုင် ၂၂

အစ္စရေးနိုင်ငံက ဟစ်ဇ်ဘိုလာပြောက်ကျားများအား အဓိကထိုးစစ်ကြီးတစ်ရပ် ပြုလုပ်ရာတွင် လက်ဘနွန်နိုင်ငံအတွင်းသို့ လူသားချင်း စာနာထောက်ထားရေးအဖွဲ့များအားလုံးကို ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ဇူလိုင် ၂၀ ရက်က သဘောတူလိုက်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ နိုင်ငံခြားသားများ ဘေးကင်းရာသို့ ခေါ်ဆောင်ရေးအတွက် တားမြစ်မည်မဟုတ်ဟုဆိုသည်။

အစ္စရေးတို့က နိုင်ငံခြားအစိုးရများ ကုလသမဂ္ဂအေဂျင်စီများနှင့် သက်ဆိုင်ရာအင်န်ဂျီအိုများကို လက်ဘနွန်နိုင်ငံထဲသို့ လူသားချင်းစာနာမှုအကူအညီပေးရန် ခွင့်ပြုမည်ဟု နိုင်ငံခြားရေးပြောခွင့်ရပုဂ္ဂိုလ် မက်ရီဂတ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

လွန်ခဲ့သောနှစ်တစ်ထောင်ကျော်က ရေတွင်းငါးတွင်း တရုတ်၌တွေ့ရှိ

ပေကျင်း ဇူလိုင် ၂၂

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီပြည်နယ် ကျီအန်ဒေသတွင် လွန်ခဲ့သော နှစ်တစ်ထောင်ကျော်က ရေတွင်းငါးတွင်းကို တရုတ်ရှေးဟောင်းသုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၂၀ ရက်က ဆင်ဟွာမှ ပြောကြားသည်။

တန်မင်းဆက် (၆၁၈-၉၀၇)နှင့် မြောက်ပိုင်း ဆွန်မင်းဆက်(၉၆၀-၁၁၂၇)က ယဇ်ပူဇော်ခြင်း အခမ်းအနားတွင် အသုံးပြုသောပစ္စည်းများနှင့် ထွင်းထုထားသောအုတ်ခဲများကို ရွှံ့များဖြင့် ပြည့်နှက်နေသော ရေတွင်းများမှ တူးဖော်ရရှိခဲ့သည်။

ရှာဖွေတွေ့ရှိ

ယင်းရေတွင်းများကို ကျီအန်ဒေသတွင် ဟိုတယ်အဆောက်အအုံသစ် ဆောက်လုပ်နေသောနေရာမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရေတွင်းများသည် အနက် ၅ မီတာမှ ၁၁ မီတာ အထိရှိသည်။

သတင်းရရှိသည်နှင့်ချက်ချင်း ထိုနေရာသို့ ရှေးဟောင်းသုတေသနပညာရှင်များရောက်ရှိလာခဲ့ပြီး တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ကာ ယင်းနေရာအား ထိန်းသိမ်းကာကွယ်ထားလိုက်သည်။

တူးဖော်ရရှိ

ထို့အပြင် ဗုဒ္ဓဆင်းတုတော်များ၊ ထွင်းထုထားသောအုတ်ခဲများ၊ သစ်သားဖြင့်ပြုလုပ်ထားသော လိပ်ဦးခေါင်းများ၊ ကျောက်ဖြင့်ပြုလုပ်ထားသော ခြင်္သေ့ရုပ်များ၊ ယဇ်ပူဇော်ရာတွင်သုံးသောပစ္စည်းများကိုလည်း တူးဖော်ရရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မာရူနုချီ ဥယျာဉ်တွင် ပြသထားသော ဓားခုတ်ကောင် စက်ရုပ်ကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇူလိုင် ၂၂

ဘဂ္ဂဒက်မြို့လယ်ရှိ လူစည်ကားရာနေရာတွင် ဇူလိုင်၂၀ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် အရပ်သားတစ်ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ရှာဂျာ ကူးသန်းရောင်းဝယ်ရေးနေရာအနီးတွင် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ပြီး ရပ်ထားသော ကားတစ်စီးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ သတင်းပေးပို့ခဲ့သည်။

ယင်းပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အနီးဝန်းကျင်ရှိ ဈေးဆိုင်များနှင့် အဆောက်အအုံများလည်း ပျက်စီးသွားခဲ့ကြောင်း ပြည်ထဲရေးသတင်းများအရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တစ်နေ့လျှင် ၅၅ဦးနှုန်း ဇူလိုင်လအတွင်းဘဂ္ဂဒက်၌ သေဆုံးခဲ့

ဘဂ္ဂဒက် ဇူလိုင် ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက် မြို့တော်တွင် ယခုလအတွင်း အကြမ်းဖက်မှုများ တိုးပွားလာသဖြင့် သေဆုံးသူ ၁၀၀၀ ခန့် ရှိလာကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၀ ရက်၌ ဘဂ္ဂဒက်တွင် ပြောကြားခဲ့သည်။

ဇူလိုင် ၁ ရက်မှ ၁၈ရက်အထိ သေဆုံးသူ ၁၀၀၀ ခန့်ရှိကြောင်း၊ ၈၀ ရာခိုင်နှုန်းမှာ အကြမ်းဖက်မှုများကြောင့် သေဆုံးခဲ့ကြောင်း လက်ထောက်မန်နေဂျာ အဗ္ဗဒူရာဇတ်အယ် အိုဘိုင်ဒီက ရိုက်တာသို့ ပြောကြားသည်။

ယင်းမှာ တစ်နေ့လျှင် ၅၅ယောက်နှုန်းဖြင့် သေဆုံးလျက်ရှိသည်။ ဇွန်လတွင် တစ်နေ့ပျမ်းမျှ ၅၃ ယောက်နှုန်း၊ မေလတွင်၄၄ယောက်နှုန်း၊ ဧပြီလတွင် ၃၉ယောက်နှုန်း သေဆုံးလျက်ရှိသည်။

မေလနှင့်ဇွန်လတို့တွင် မြို့တော်ဘဂ္ဂဒက်၌ လူပေါင်း ၆၀၀၀ ခန့် သေဆုံးခဲ့သည်။ ပြီးခဲ့သောလက လုံခြုံရေးတင်းကျပ်မှု လျော့ကျခဲ့သည်နှင့် အမျှ တိုက်ခိုက်မှု၊ အကြမ်းဖက်မှုများ ပြန်၍ဖြစ်လာသည်ဟုဆိုသည်။ ဇူလိုင်လသည် ယခုနှစ်၏ သွေးထွက်သံယိုမှု စတုတ္ထမြောက် အများဆုံးဖြစ်ခဲ့ခြင်းဖြစ်သည်။ ယင်းတို့တွင် လူပေါင်း ၂၂၀ သေဆုံးခဲ့သော ဖြစ်ရပ်တစ်ခုလည်း အပါအဝင်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ပေကျင်းနိုင်ငံတကာ လေဆိပ်တွင် လေယာဉ်ပျက်ကျမှုဖြစ်ပွားပါက အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် လေ့ကျင့်နေသည်ကို ဇူလိုင်၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ စားနပ်ရိက္ခာ တတိယအများဆုံးလှူသည့်နိုင်ငံ တရုတ်ဖြစ်လာ

ရောမ ဇူလိုင် ၂၂

တရုတ်နိုင်ငံသည် ၂၀၀၅ ခုနှစ် ကမ္ဘာ့တတိယအကြီးဆုံး အစားအစာ လှူဒါန်းသည့်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ယင်းမှာ အမှတ်စဉ် ၉မှ တက်လာခဲ့ခြင်းဖြစ်ကြောင်း စာရင်းဇယားများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် ယမန်နှစ်က မြောက်ကိုရီးယား၊ အာဖရိကနှင့်အခြား အာရှနိုင်ငံများသို့ စားနပ်ရိက္ခာများ လှူဒါန်းခဲ့ရာ **(အပေါ်ပုံ)** တန်ချိန် ၅၇၇၀၀၀ မက်ထရစ်တန်ရှိကြောင်း၊ ရာခိုင်နှုန်း၂၆၀ တိုးလာခြင်းဖြစ်ကြောင်း ရောမ အခြေစိုက် ကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ်က ပြောကြားသည်။

အများဆုံး

အမေရိကန် ပြည်ထောင်စုသည် စားနပ်ရိက္ခာအများဆုံး လှူဒါန်းပြီး တန်ချိန် လေးသန်းလှူဒါန်းကာ ကမ္ဘာ့ စားနပ်ရိက္ခာလှူဒါန်းမှု၏ ၄၉ရာခိုင်နှုန်း ရှိကြောင်း၊ ဥရောပသမဂ္ဂက တန်ချိန် တစ်သန်းခွဲလှူဒါန်းရာ ဒုတိယ လိုက်ကြောင်း ကုလသမဂ္ဂ အေဂျင်စီက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

၂၀၀၇ခုနှစ်ကို ခရီးသွားနှစ်အဖြစ် ပါကစ္စတန်နိုင်ငံက ထုတ်ပြန်ကြေညာ

အစ္စလမ္မာဘတ် ဇူလိုင် ၂၂

ပါကစ္စတန်နိုင်ငံ၏ ခရီးသွားအလားအလာကောင်းမှုကြောင့် ခရီးသွားမဟာဗျူဟာ ဈေးကွက်တစ်ရပ် ဖန်တီးသွားရန် ပါကစ္စတန်ဝန်ကြီးချုပ် ရှော့ကက်အဇစ်က သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားက ဇူလိုင် ၂၁ရက်၌ ထုတ်လွှင့်သွားသည်။

အဆိုပါဝန်ကြီးချုပ်က ဝန်ကြီးချုပ်ရုံး အစည်းအဝေးအပြီး ခရီးသွားလုပ်ငန်းတိုးတက်နိုင်မှု အခြေအနေများကို သုံးသပ်ကာ ၂၀၀၇ခုနှစ်ကို ခရီးသွားနှစ်အဖြစ် ကြေညာလိုက်သည်။

လိုအပ်

ခရီးသွားလုပ်ငန်း တိုးတက်မှု အလားအလာများ ဆောင်ရွက်လုပ်ကိုင်ခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများ တိုးတက်ရေး၊ အလုပ်အကိုင်များ ခန့်ထားရေးနှင့် နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း အဇစ်က ပြောကြားသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံပုံရိပ်ကို ထင်ဟပ်စေသကဲ့သို့ နိုင်ငံ၏ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးရာ ရောက်ကြောင်း ၎င်းက ပြောကြားသည်။

မျှော်မှန်းထား

အဆိုပါခရီးသွားနှစ် ပထမနှစ်တွင် ခရီးသွားဈေးကွက် မျှော်မှန်းထားသော နိုင်ငံများမှာ ဂျာမနီ၊ ဩစတြီးယား၊ ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန်၊ စပိန်၊ ဂျပန်၊ တောင်ကိုရီးယား၊အမေရိကန်၊ကနေဒါနှင့် စကင်ဒီနေးဗီးယားတို့ ဖြစ်သည်ဟု ဆိုသည်။

ဒုတိယအဆင့်

ဆော်ဒီအာရေဗျ၊ ကာတာ၊အိုမန်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ဗြိတိန်နှင့် အခြား ဥရောပနိုင်ငံများသည် ဒုတိယအဆင့် ခရီးသွားဈေးကွက် မျှော်မှန်းထားသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယား၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြင့်တက်

ဖနောင်ပင် ဇူလိုင် ၂၂

ကမ္ဘောဒီးယားနိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) သည် ယခုနှစ် ပထမနှစ်ဝက်အတွင်း သိသိသာသာ မြင့်တက်လာကြောင်း ဒေသမီဒီယာက ဇူလိုင် ၂၀ ရက်၌ ဖော်ပြသည်။

၂၀၀၅ခုနှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၄၄၉သန်းရှိရာမှ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံအထိ ရှိလာကြောင်း ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကောင်စီ၏ ကြေညာချက်၌ ဖော်ပြသည်။

ထိုကဲ့သို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းမှာ ဆောက်လုပ်ရေး လုပ်ငန်းများကြောင့် ဖြစ်ကြောင်း၊ အထူးသဖြင့် တောင်ကိုရီးယားကုမ္ပဏီတစ်ခုသည် ဖနောင်ပင်မြို့အနီး မြို့တော်သစ်ကြီးတည်ဆောက်နေခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်၌ ဆေးကုသမှုမှားယွင်းခြင်းကြောင့် နှစ်စဉ်လူတစ်သန်းခွဲ ထိခိုက်နစ်နာခဲ့ကြရ

ဝါရှင်တန် ဇူလိုင် ၂၂

အမေရိကန်ပြည်ထောင်စု၌ နှစ်စဉ်ဆေးကုသမှု မှားယွင်းခြင်းကြောင့် လူတစ်သန်းခွဲ ထိခိုက်နစ်နာပြီး အနည်းဆုံး ဒေါ်လာ၃ ဒသမ ၅သန်း ကုန်ကျမှုဖြစ်နေကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဇူလိုင် ၂၀ရက်က ဖော်ပြသည်။

ဆေးရုံ၊ ဆေးခန်းနှင့် ဆေးပေးခန်းများတွင် ဆေးကုသမှု မှားယွင်းခြင်းနှင့် ဆေးပေးမှားခြင်းတို့ကို ထိန်းထားနိုင်လျှင် ထိုထိခိုက်မှုများကို လျှော့ချနိုင်လိမ့်မည်ဖြစ်ကြောင်း၊ အီလက်ထရွန်နစ် စနစ်သုံး၍ ကုသမှုခံယူခြင်းကလည်း အထောက်အကူ ပေးနိုင်ကြောင်း ဆေးတက္ကသိုလ် အစီရင်ခံစာတွင် ဖော်ပြသည်။

မှားယွင်း

ဆေးကုသမှု မှားယွင်းခြင်း အများစုမှာ ဆေးမှားယွင်းမှုကြောင့်ဖြစ်ပြီး နှစ်စဉ်အနည်းဆုံး အမေရိကန်၌ လူတစ်သန်းခွဲ ထိခိုက်မှုဒဏ် ခံစားရကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြသည်။

ထိုကဲ့သို့ မှားယွင်း ကုသမှုများကြောင့် တစ်နှစ်လျှင် အနည်းဆုံးလူ ၇၀၀၀ခန့် သေဆုံးနေရသည်ဟူ၍လည်း ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

ဆင်းရဲသောနိုင်ငံများ၏ ကုန်သွယ်မှုတိုးတက်ရေး အလှူရှင်နိုင်ငံများက ပိုမိုကူညီပေးရန်လိုအပ်

ဂျီနီဗာ ဇူလိုင် ၂၂

ဆင်းရဲသောနိုင်ငံများ၏ ပို့ကုန် တိုးတက်လာရန်မှာ ပို့ဆောင်ရေးနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ကုန်ကျစရိတ် ကြီးမားမှုမှာ အနှောင့်အယှက်အဟန့် အတားဖြစ်နေကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပို့ဆောင်ရေးနှင့် ဆက်နွယ်သော အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ရေး တိုက်တွန်းချက် အစီရင်ခံစာတွင် ဖော်ပြသည်။

သုံးစွဲမှုစရိတ်

ဝင်ငွေနည်းနိုင်ငံများ၏ ပို့ကုန်များသည် အထူးသဖြင့် အာဖရိကနိုင်ငံများ၏ ပို့ကုန်များသည် ကုန်ပစ္စည်း သင်္ဘောတင်ပို့မှုနှင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှု ကုန်ကျစရိတ်ကြီးမားနေ၍ အခက်အခဲဖြစ်နေကြောင်း ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကွန်ဖရင့်က ပြောကြားသည်။

ပို့ကုန်မြှင့်တင်

အလှူရှင်နိုင်ငံများက ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများသို့ လမ်းများ၊ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် စွမ်းအင်ထုတ်လုပ်ရေး လုပ်ငန်းများ တည်ထောင်ပေးခြင်းဖြင့် ယင်းတို့၏ ပို့ကုန်မြှင့်တင်ရာတွင် အထောက်အကူ ပေးလိမ့်မည်ဖြစ်ကြောင်း ၂၀၀၆ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ၏ အစီရင်ခံစာ၌ ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့ အကြီးဆုံး သစ်သားပန်းကန်

ကမ္ဘာပေါ်တွင် အကြီးမားဆုံး သစ်သားပန်းကန် တစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ ပန်းကန်ကို ကနေဒါနိုင်ငံ ပိုပါလာမြို့တွင် ပြသထားပြီး အသားပွအပင်မျိုးဖြစ်သည့် သစ်ပင်တစ်ပင်၏အသားဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်းသစ်သားပန်းကန်ကြီးသည် အချင်း ၁၀ ပေရှိပြီး ဓောက် ၂၆ဒသမ ၅လက်မရှိကာ အလေးချိန် ပေါင် ၁၆၀၀ရှိကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့အရှည်ဆုံး ပုံနှိပ်ပန်းချီကား

ကမ္ဘာပေါ်တွင် အရှည်ဆုံးပုံနှိပ်ပန်းချီကားတစ်ချပ်ကိုတွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါ ပုံနှိပ်ပန်းချီကားကို ဗြိတိန်နိုင်ငံဘိုလ်တန်မြို့၌ ပြုလုပ်လျက်ရှိပြီး ယခုအခါ အရှည်ပေ ၁၅၀၀ခန့် ပြီးစီးနေပြီဖြစ်သည်။ ၎င်း ပုံနှိပ်ပန်းချီကားကို ပေ ၂၀၀၀ အရှည်အထိ ပြုလုပ်မည်ဖြစ်ရာ ယခင်က ဂင်းနက်စ်မှတ်တမ်းတင်ထားခဲ့သော ပေ ၂၀၀အရှည်ရှိသည့် ကမ္ဘာ့အရှည်ဆုံး ပုံနှိပ်ပန်းချီကားထက် ပိုမိုရှည်လျားကာ ကမ္ဘာ့အရှည်ဆုံး ပုံနှိပ်ပန်းချီကားအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည်ဖြစ်သည်။ **(အင်တာနက်)**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ငါ့သရောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၃ ရက်တွင် ညောင်ဦးခရိုင် ငါ့သရောက်မြို့၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာ ချောင်းမကြီးချောင်းပေါ်တွင် တည်ဆောက်ထားသော ငါ့သရောက်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

တိုင်းမှူးအား ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ငါ့သရောက်ရေလှောင်တမံ စီမံကိန်းတွင် တမံအချောသပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲများ တည်ဆောက်ပြီးစီးမှု၊ ဆည်ရေသောက် စနစ်များတည်ဆောက်ပြီးစီးမှုနှင့် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ထိန်းသိမ်းထားရှိ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်အတွင်းရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ ပင်မတမံတည်ဆောက်ပြီးစီးမှု၊ ရေလှောင်တမံအတွင်းရေဝင်ရောက် ထိန်းသိမ်းထားရှိမှုနှင့် ရေလှောင်တမံအတွင်း ရေဝင်မြောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပေ ၇၅၅၀၊ တမံအမြင့် ၆၄ပေရှိ၍ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၇၀၀၀ဖြစ်ပြီး ငါ့သရောက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေသောက်ဧရိယာများကို ရေကူသွားရန်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ငါ့သရောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး စာသင်ဆောင်များအခြေအနေ၊ ကျောင်းသားများ ပညာသင်ကြားနေမှု၊ သင်ကြားသင်ယူမှု အထောက်အကူပြုစာသင်ခန်းများ၊ ကျောင်းဈေးဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍တိုင်းမှူးနှင့်အဖွဲ့သည် ငါ့သရောက်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဦးဆောင်မှုဖြင့် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး)၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(မန္တလေး)၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးကလေးဆေးရုံကြီး၊ မျက်စိ၊ နား၊နှာခေါင်း၊လည်ချောင်းဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ တိုင်းရင်းဆေးကုဌာနတို့မှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းများပြုလုပ်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေး၍ မျက်စိစမ်းသပ်ပြီးလူနာများကို မျက်မှန်အလက်၂၀၀ထောက်ပံ့ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေများပေးအပ်ကြရာ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက ငါ့သရောက်မြို့ပြည်သူ့ဆေးရုံအတွက်အလှူငွေကျပ်တစ်သိန်း၊ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ကြေးမုံဦးက ငါ့သရောက်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ်တစ်သိန်း၊ တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက ငါ့သရောက်မြို့ ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ် တစ်သိန်းနှင့် ငါ့သရောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ညောင်ဦးမြို့အထွက် ညောင်ဦး-မြင်းခြံ ကားလမ်းမကြီး လမ်းဘေးဝဲယာရှိ ညောင်ဦးခရိုင်၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်း ၁၀ ဧကနှင့် လမ်းဘေး ဝဲယာ တစ်လျှောက်ရှိ ညောင်ဦးမြို့ မြို့ပေါ်ရပ်ကွက်များ၊ ဌာနဆိုင်ရာများ၏ ခြံစည်းရိုး ကြက်ဆူပင် တစ်အုပ်တစ်မစိုက်ခင်းများ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် ညောင်ဦးမြို့နယ် တုရင်တောင်၏ အနောက်ဘက် ညောင်တိုကျေးရွာ အနီးရှိ မြကန်စိမ်းလန်းသာယာစိုပြည်ရေး စီမံကိန်းသို့ ရောက်ရှိပြီး မြကန်အတွင်း ရေဝင်ရောက် ထိန်းသိမ်းထားရှိမှုနှင့် ရေလုံလွှာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

(အောက်ပုံ)

မြကန်သည် ပုဂံ-ညောင်ဦးမြို့နယ် ညောင်တိုရွာအနီး တောင်ပုံဝချောင်းပေါ်တွင် တည်ဆောက်ထားသည်။ တမံမှာ မြေသားတမံ အမျိုးအစား ဖြစ်၍ တမံအလျားပေ ၃၆၀၀၊ တမံ အမြင့် ၂၇ပေရှိ၍ ကန်ရေပြည့်ရေလှောင် ပမာဏမှာ ဧကပေ ၁၀၀၀ ဖြစ်ပြီး စိုက်ပျိုးမြေဧက ၂၀၀ ကို ဆည်ရေပေးဝေနိုင်မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန် မန္တလေးမြို့ ၆၄x၆၅ လမ်းကြား ၂၂လမ်း ပန်တျာကျောင်း တောင်ဘက်(ဇမ္ဗူဒီပါခြံ) နေ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်မြမြလေးနှင့် ခုနစ်ရက် သားသမီး ဓမ္မမိတ်ဆွေ မိသားစု၏ အလှူတော်ငွေကျပ်သိန်းငါးဆယ်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၏ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)နှင့် အမှုဆောင် ဆရာတော်အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများ အမှူးထား၍ ဦးသန်းထွန်း-ဒေါ်ခင်အေးမူ တိုးရစ် (စ်)တီဗွီ ဗီဒီယို ရောင်းဝယ်ရေး မော်လမြိုင်မြို့ မွန်ပြည်နယ် မိသားစုက အလှူတော်ငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)၊ အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A) ရှေ့မှောက်၌ တာဝန်ခံ ဒေါ်ရည်လေးချိုထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အင်တာနက် အထူးသတင်း

အာကာသအတွင်း လမ်းလျှောက်ချင်သူများအား ဖိတ်ခေါ်

အာကာသအတွင်း လမ်းလျှောက်ထွက်နိုင်သည့်အခွင့်အလမ်းတစ်ရပ်ကို **ကုမ္ပဏီတစ်ခုက အာကာသခရီးသွားများအား ပထမဆုံးအကြိမ် ဖိတ်ခေါ်**လိုက်ပြီဖြစ်သည်။

ကုန်ကျစရိတ်

အာကာသခရီးသွား တစ်ဦးသည် ထိုကဲ့သို့ အာကာသအတွင်း လမ်းလျှောက်မည်ဆိုလျှင် အာကာသသွားရောက်သည့်ခရီးစရိတ်ဒေါ်လာ သန်း၂၀ကုန်ကျမည့်အပြင် လမ်းလျှောက်မှုကုန်ကျစရိတ်ဒေါ်လာ ၁၅သန်းထပ်မံကုန်ကျမည်ဖြစ်ကြောင်း အာကာသစွန့်စားသူများ၏ကုမ္ပဏီက ပြောကြားသည်။

စောင့်ကြပ်ပေးမည်

ဤသို့ အာကာသခရီးသည်များ နိုင်ငံတကာ အာကာသစခန်း၏ အပြင်ဘက် လမ်းလျှောက်ထွက်စဉ်အတွင်း အဆိုပါ ကုမ္ပဏီမှ အရန်ယာဉ်ငယ်တစ်စင်းက လိုက်လံစောင့်ကြပ်ပေးလိမ့်မည်ဖြစ်ကြောင်း သိရသည်။

လေ့ကျင့်ခန်း

ယင်းကဲ့သို့ အာကာသခရီးသည်များ အာကာသသို့ သွားရောက်ကာ လမ်းလျှောက်ထွက်မည်ဆိုပါက နိုင်ငံတကာအာကာသစခန်းတွင် ၁၀ရက်တာနေစဉ်အတွင်း လိုအပ်သော လေ့ကျင့်ခန်းများ အာကာသစခန်းတွင် ဆက်လက်၍ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

အာကာသခရီးသွား စွန့်စားသူများသည် ယခင်က သုံးဦးရှိခဲ့ဖူးသည်။ ၂၀၀၁ခုနှစ်က အမေရိကန်မှ ဒင်းနစ် ဘီတိုးသည် ပထမဆုံးခရီးသွားဧည့်သည်ဖြစ်သည်။ ယင်းနောက် **တောင်အာဖရိကမှ ရှပ်တယ်ဝပ်သည် ဒုတိယ** မြောက်ဖြစ်ပြီး ယမန်နှစ်က အမေရိကန်မှ ဂရက်ဂျဲအော်ဆင်သည် တတိယမြောက် ခရီးသွားဖြစ်ခဲ့သည်။

လေ့ကျင့်နေ

ဂျပန်မှ စီးပွားရေးသမား ဒိုင်ဆုကီ အီနိုမိုတိုသည် စက်တင်ဘာလတွင် အာကာသသို့ သွားရောက်ရေး လောလောဆယ် လေ့ကျင့်လျက်ရှိသည်။

ခြောက်လကြာ

အိုင်အက်စ်အက်စ်သို့သွားရောက်မည့် အာကာသယာဉ် အားလုံးသည် ရုရှားဆိုယုဇ် အာကာသယာဉ်ဖြင့်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ မသွားရောက်မီ ရုရှားနိုင်ငံ ယူရီဂါဂါရင် အာကာသစခန်း၌ ခြောက်လကြာ လေ့ကျင့်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

အာကာသလမ်းလျှောက်ထွက်ခြင်းကို တစ်ဦးတစ်ယောက်နှင့်မျှ စာမချုပ်ရသေးသော်လည်း ၂၀၀၇ သို့မဟုတ် ၂၀၀၈ ခုနှစ်တွင် အီဗာကုမ္ပဏီက စေလွှတ်ရန် စီစဉ်လျက်ရှိသည်။

(ကိုးကား-အင်တာနက်)

ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းအတိုင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း၏ ကမ္မဋ္ဌာန်းဝိပဿနာခုနစ်ရက် တရားစခန်းကို ဩဂုတ် ၂ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဩဂုတ် ၁ရက် ညနေအရောက် လာရောက်ကြရန်နှိုးဆော်ထားသည်။

တရားစခန်း ဝင်လိုသူများသည် အမှတ် ၈၈၈ ပန်းချီပန်းပုရပ်ကွက် ဦးကညာဏ်လမ်း ဒဂုံမြို့သစ် (တောင်ပိုင်း) ဆိပ်ကမ်းမြို့နယ်သို့ တိုက်ရိုက်လာရောက်နိုင်ပြီး ဖုန်း-၀၉-၅၁၁၆၉၀၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

● **ကျောဖုံးမှ**

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ဝန်ကြီးဌာနများနှင့်ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၁၉ရက်နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မင်းတပ်မြို့မှထွက်ခွာကြပြီး မင်းတပ်- မတူပီကားလမ်း မိုင်တိုင်အမှတ် ၈/၂နှင့် ၈/၃ အကြား၌ မြေထိန်းကျောက်စီနံရံ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးငွေစိုးလွင်က မြေထိန်းကျောက်စီနံရံ တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြေထိန်းကျောက်စီနံရံအား အရှည်တည်တံ့အောင် လိုအပ်သော စီမံဆောင်ရွက်မှုများ ဆောင်ရွက်သွားရေး၊ တောင်ပြိုနိုင်သည့် အခြားနေရာများတွင်လည်း မြေထိန်းကျောက်စီနံရံများ တည်ဆောက်နိုင်ရန် ကြိုတင်စီမံထားရှိကြရေး မှာကြားသည်။

စီမံဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်၃၃/၀ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မင်းတပ်-မတူပီလမ်းတိုးချဲ့ဖောက်လုပ်ခြင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး မြို့နယ်အင်ဂျင်နီယာ ဦးငွေစိုးလွင်က မင်းတပ်-မတူပီလမ်းအား မိုင်တိုင်အမှတ်၂၀/၀မှ ၇၀/၀အထိ လမ်းတိုးချဲ့ဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကားလမ်းပေါ် ရေမကျော်ရေး၊ ရေတိုက်စားမှု ကာကွယ်ရေး စီမံဆောင်ရွက်ရေး၊ ရေမြောင်းများကို ရေဆင်းကောင်းသော နေရာများအထိ ဖောက်လုပ်ထားရှိရေး၊ ကတ္တရာပေါက်ပြဲသော နေရာများကို ပြန်လည်ပြုပြင်ဆောင်ရွက်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်၃၇/၆အနီး၌ မင်းတပ်-မတူပီလမ်းမှ ရွှေအောင်းသာကျေးရွာအထိ ဖောက်လုပ်ထားသော ဒေသဖွံ့ဖြိုးရေးလမ်း အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းသည် မင်းတပ်-မတူပီကားလမ်းမှ ပလိပ်တွီကျေးရွာအထိ ၁၄မိုင်၆ဖာလုံ၊ ရွှေအောင်းသာကျေးရွာအထိ ၃၆မိုင်၇ဖာလုံရှိပြီး လမ်းအကျယ်မှာ ၁၄ပေရှိကာ ကျောက်ခင်းလမ်းဖြစ်ပြီး ထီးလင်းမြို့သို့သွားသော လမ်းဖြစ်သည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်၃၈ရှိ မင်းတပ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခါ်စည်းရိုးကြက်ဆူပျိုးစခန်းသို့ ရောက်ရှိကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပျိုးစခန်း၌ ခါ်စည်းရိုးကြက်ဆူပျိုးပင် ၁၀၀၀၀နှင့် မျိုးစေ့ ၁၀၀၀၀စုဆောင်းပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ထွက်ခွာကြရာ မိုင်တိုင် အမှတ် ၅၀/၀တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းအား ကတ္တရာခင်းကျင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် ၅၆/၀အနီး တွီဒိန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်-မတူပီကားလမ်း မိုင်တိုင်အမှတ်၅၉/၇၌ မြေထိန်းကျောက်နံရံများ တည်ဆောက်ထားရှိမှုနှင့် လမ်းတိုးချဲ့နေမှု အခြေအနေများကိုလည်းကောင်း မိုင်တိုင်အမှတ် ၆၄/၄အနီး၌ မြေထိန်းကျောက်နံရံများတည်ဆောက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မင်းတပ်-မတူပီလမ်းအား မုန်းချောင်းကို ဖြတ်ကျော် တည်ဆောက်ထားသော အရှည်ပေ ၅၀ရှိ မုန်းချောင်း ဘေလီသံပေါင်တံတား ကြံ့ခိုင်မှုနှင့်ချောင်းရေစီးဆင်းမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင် အမှတ် ၇၀/၀အနီး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဒေသခံပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်သော လေရှိ-ကြုတ်ရွာဒေသ ဖွံ့ဖြိုးရေးလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒေသခံတိုင်းရင်းသား ဦးကီးချွဲက လေရှိ-ကြုတ်ရွာဒေသ ဖွံ့ဖြိုးရေးလမ်းဖောက်လုပ်ခြင်းနှင့်လမ်းနှင့် သက်ဆိုင်သည်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်၊ မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေသိန်းနှင့် ဒေသခံတိုင်းရင်းသား ပြည်သူတစ်ဦးတို့က လေရှိ- ကြုတ်ရွာ ဒေသဖွံ့ဖြိုးရေးလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဧည့်သည်တော်များသည် လေရှိ-ကြုတ်ရွာ ဒေသဖွံ့ဖြိုးရေးလမ်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဒေသခံတိုင်းရင်းသားများအားရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

လွယ်ကူစွာသွားလာနိုင်

ယခုဖွင့်လှစ်သော လေရှိ-ကြုတ်ရွာ ဒေသဖွံ့ဖြိုးရေးလမ်းသည် ဂျစ်ကားလမ်းဖြစ်ပြီး လမ်းအရှည် ၈မိုင် ၆ ဖာလုံရှိသည်။ အဆိုပါလမ်းကို ဒေသခံပြည်သူများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖောက်လုပ်နိုင်ခဲ့ပြီး ဒေသထွက်ကုန်ပစ္စည်းများကို မင်းတပ်-မတူပီလမ်းမှတစ်ဆင့်အခြားဒေသများသို့ ဆက်သွယ်တင်ပို့နိုင်မည်ဖြစ်သည်။ ကြုတ်ရွာမှ အိမ်ခြေ ၁၁၂ အိမ်၊ လူဦးရေ ၆၆၉ ဦး၊ လေရှိရွာမှ အိမ်ခြေ ၄၀၊ လူဦးရေ ၂၁၀နှင့် ယင်းဒေသခံတိုင်းရင်းသားများလွယ်ကူစွာ သွားလာအသုံးပြုနိုင်မည် ဖြစ်သည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မင်းတပ်-မတူပီ ကားလမ်း မိုင်တိုင်အမှတ် ၉၄/၆ အနီး ခြိန်းပြန်းကျေးရွာရှိ ဓမ္မနိမ္မိတာရုံ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တ ဓမ္မနန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းတပ်-မတူပီလမ်းပေါ်ရှိ လည်မြို့တံတားသို့ ရောက်ရှိကြပြီး လည်မြို့မြစ်၏ ရေစီးရေလာအခြေအနေနှင့် တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး တံတားအနီး၌ ဒေသခံပြည်သူများ၏ အထွက်တိုးရွှေရင်အေး စပါးမျိုး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မတူပီမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အမှတ်၁ ရှင်စောပုလမ်း စမ်းချောင်းမြို့နယ်နေ ဦးခင်မောင်ညွန့်-ဒေါ်မြင့်မြင့်ခင်တို့က နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာအထိမ်းအမှတ် အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၂

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ်၆ရက် နံနက်၁၀နာရီတွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရန်မျိုးအောင်ဘုရားကြီး ပရိယတ္တိစာသင်တိုက်၌ ကော့ကရိတ်နွယ်ဖွားဦးကိတ္တိ (မင်္ဂလာဇေယျာ)ထံ ကပ်လှူပူဇော်မည်ဖြစ်ရာ ရန်ကုန်ရောက် ကော့ကရိတ်အသင်းသူ အသင်းသားများ လှူဒါန်းလိုပါက ဦးတင်စိန် ဖုန်း-၅၅၃၆၄၄၊ လိုင်းခွဲ-၃၁၄၊ ဦးချစ်ထွေး ဖုန်း-၀၉-၅၁၀၇၂၅၅၊ ဦးဝပ်ထုံး ဖုန်း-၀၉-၅၀၂၀၃၇၉နှင့်ဦးထွန်းခင် ဖုန်း-၀၉-၉၈၂၂၃၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်နှင့် ဆရာမများ၊ ကျောင်းသားကျောင်းသူများ ဇူလိုင်၁၆ရက်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သီးပင်၊ ပန်းပင်၊ အရိပ်ရပင်များစုပေါင်းစိုက်ပျိုးကြစဉ်။

(မြန်မာ့အလင်း)

ခွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဗိုလ်မှူးတင်အောင်ဝင်းအား ရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် ဖျိုင်း/ကွက်သစ်ရပ်ကွက် အောင်ချမ်းသာလမ်း တိုက်၉နေ ဦးကျော်ဦး-ဒေါ်ခင်လင်းဦး၊ သမီး မင်းမင်းအောင်ဝင်း မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရေကြည်မြို့နယ်အသင်းဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ဇူလိုင် ၁၆ရက်က ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ပိဋကတ်တိုက်ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် သရက်တောကျောင်းတိုက် စိတ္တသုခကျောင်း ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ(ဓမ္မာစရိယ)ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဥက္ကဋ္ဌ ဦးသန်းမြင့်က ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းလျှောက်ထားကာ ရေကြည်ဇာတိ ဆရာတော်ကိုးပါးအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်း ဆက်ကပ်ကြသည်။

ဆက်လက်၍ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ (ပိဋကတ်တိုက်ကျောင်း)နှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဥဂ္ဂံသ(ဓမ္မဇေယျာတိုက်ကျောင်း)တို့၏ ထေရုပ္ပတ္တိကို ဖတ်ကြားပြီး မင်္ဂလာရတုပိုဒ်စုံနှင့် ထောပနာတေးထပ်တို့ဖြင့် ချီးကျူးပူဇော်ကာ ဂုဏ်ပြုလွှာနှင့် လှူဖွယ်ပစ္စည်းဆက်ကပ်ကြသည်။ **(က-ပ)**

ဇူလိုင် ၂၂ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မင်္ဂလာသြဘာလမ်းနေ ဒေါ်သိန်းမေ (ထက်အောင်သာဆားစက်)အား ရည်စူး၍ ခင်ပွန်းဖြစ်သူ ဦးထွန်းရှိန်နှင့်သားသမီး မြေးမြစ်တစ်စုတို့က ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဝဲပုံကျောင်းတိုက်အတွင်း ဓမ္မရသကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်နှစ်သိန်းကို သာသနာပြုယောဂီတစ်ဦးနှင့် ယောဂီဦးအန်းကုန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	Sunday Talk [ဦးမျိုးမြတ်သူ၊ ဦးကိုကို (စက်မှုတက္ကသိုလ်)]
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	ပြည်တွင်းသတင်းအကျဉ်း
၈:၁၅	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့် အချက်များ
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	နိုင်ငံတကာ သတင်းအကျဉ်း
၈:၃၅	မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	Fashion Fever (လေးထပ်ကွမ်း အကယ်ဒမီ မိုမိုမြင့်အောင်နှင့် တွေ့ဆုံခြင်း)
၉:၃၀	မိုးလေဝသခန့်မှန်းချက်
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	နိုင်ငံတကာအနုပညာရေးရာ
၁၀:၀၅	သန့်ရှင်းလတ်ဆတ် စံချိန်မီ မြန်မာ့ချက်နို့ဆီ
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	ကလေးတို့အတွက် လက်ဆောင် (ဆင်ရုပ်နှင့်အသည်းပုံ လက်ပတ်ခေါက်နည်း)
၁၁:၀၀	သဘာဝကပေးသော လက်ဆောင်များ
၁၁:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀	Myanmar Video Rhythm
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	ယာဉ်မောင်းလိုင်စင်ရယူလိုလျှင်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သစ်တော၊ သားငါးနှင့် သတ္တုကဏ္ဍတို့တွင် တန်ဖိုးကြီးသောကုန်ချောအဆင့်အထိ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး လိုအပ်သောစက်မှုလက်မှုလုပ်ငန်းများ ထူထောင်

■ ရွှေဖုံးမှ

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဝင်များနှင့် စီမံခန့်ခွဲရေးကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်၏ စက်မှုကဏ္ဍအခြေအနေမှာ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ(Agro-based Industry)မှ သည် ဘက်စုံစက်မှုဖွံ့ဖြိုးရေး(Industrialization)သို့ စတင်ကူးပြောင်းစ အနေအထားဖြစ်ကြောင်း။

ဟန်ချက်ညီညီ

ယင်းအခြေအနေတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကပံ့ပိုးပေးရမည့် လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဟန်ချက်ညီညီယှဉ်တွဲတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ စီမံလမ်းညွှန်မှုနှင့်အညီ စက်မှုဖွံ့ဖြိုးရေးအတွက် အဓိကကျသောလျှပ်စစ်စွမ်းအားကို ပိုမိုပြီးကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်စေရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁)နှင့်အမှတ်(၂) ဝန်ကြီးဌာနနှစ်ခုတာဝန်ခွဲဝေပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအပိုင်းတို့ကို သီးသီးခြားခြားစီ ပိုမိုအားထည့်ဆောင်ရွက်နိုင်ရန် စီမံပေးထားပြီးဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ယခင်အခါက အကြီးစားနှင့် အလတ်စားလုပ်ငန်းများကို နိုင်ငံတော်ကတာဝန်ယူဆောင်ရွက်ပြီး ပုဂ္ဂလိက

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး (၁/၂၀၀၆)တွင် သတ္တု တွင်း ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကဏ္ဍက ဆောင်ရွက်နိုင်ခြေရှိသည့်အလတ်စားလုပ်ငန်းအချို့နှင့် အသေးစားလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍကိုဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း။

စနစ်တကျစီမံဆောင်ရွက်

ယခုအခါတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တစ်နိုင်ငံလုံးအသုံးနှင့် ဒေသသုံးလုပ်ငန်းများခွဲခြားကာ Localizedနှင့် Nationalizedထုတ်လုပ်ဖြန့်ဖြူးသွားမည့်အစီအမံများ စနစ်တကျစီမံဆောင်ရွက်နေပြီဖြစ်ကြောင်း။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၀၆)တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအပိုင်းက စီမံတည်ဆောက်နေဆဲဖြစ်သည့် အကြီးစားနှင့် အလတ်စားရေအားလျှပ်စစ်လုပ်ငန်းများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားသည် မဂ္ဂါဝပ်၅၀၀၀ခန့်ရှိကြောင်း၊ ယနေ့နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် စက်တပ်ဆင်အင်အားမဂ္ဂါဝပ်၁၅၀၀ခန့်ရှိပြီး ယခင်ကထက်တစ်ဆတိုးပြီး ထုတ်လုပ်သုံးစွဲနေခြင်းဖြစ်ကြောင်း။

တည်ဆောက်ဆဲရေအားလျှပ်စစ်လုပ်ငန်းများမှ တိုးမြှင့်ထုတ်လုပ်ပေးလာမည့် လျှပ်စစ်ဓာတ်အားကို လက်ရှိဖြန့်ဖြူးဆဲ မဟာဓာတ်အားလိုင်းစနစ်အတွင်း

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေး ကော်မတီ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး (၁/၂၀၀၆)တွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သို့ ပေါင်းစည်းပေးနိုင်စေရန် မဟာဓာတ်အားလိုင်းတိုးချဲ့မှုအစီအမံများလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးလာ

ဤကဲ့သို့ ဒေသသုံးလျှပ်စစ်ဓာတ်အားလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး အကြီးစားရေအားလျှပ်စစ်စီမံကိန်းများနှင့်မဟာဓာတ်အားလိုင်း တိုးချဲ့မှုအစီအစဉ်များလည်း အကောင်အထည်ပေါ်လာသည့်အချိန်တွင် မြောင်းတကာဓာတ်မြေဩဇာစက်ရုံနှင့် သံမဏိသံရည်ကျိုလုပ်ငန်းများ၊ သန်လျင် သီလဝါ အထူးစက်မှုဇုန်လုပ်ငန်းများ အပါအဝင် တစ်နိုင်ငံလုံးရှိ စက်မှုလုပ်ငန်းအသီးသီး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေး ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၀၆) တွင် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မှာလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း၊ ဤမျှော်မှန်းချက်ဖြင့် စက်မှုလုပ်ငန်းများကို ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရန် ကြိုတင်စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ ပြီးခဲ့သည့် တတိယကာလတိုငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၀၅-၂၀၀၆ခုနှစ် အခြေ အနေ၌ ၂၀၀၅-၂၀၀၆ဈေးနှုန်းဖြင့် တွက်ချက်လျှင် တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးသည် ၁၇ဒသမ ၅ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ကြောင်း၊ ယင်းအခြေခံအပေါ်မူတည်ပြီး စတုတ္ထကာလတို ငါးနှစ်စီမံကိန်းတွင် GDP အပေါ် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးကို ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ခုနှစ်၌ ၁၈ဒသမ၉ ရာခိုင်နှုန်း၊ ဒုတိယနှစ်မှစ၍ ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၉ရာခိုင်နှုန်းအထိ အသီးသီး နှစ်စဉ် တိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

အချိန်ကိုက်ကြိုးစားဆောင်ရွက်

တတိယကာလတို ငါးနှစ်စီမံကိန်း ကာလအတွင်း တည်ဆောက်ခဲ့သည့် လျှပ်စစ်ဓာတ်အားစီမံကိန်းများမှာလည်း ယခုနှစ်မှစတင်၍ အသီးသီးထွက်ရှိလာပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက် ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ရာ စက် မှုကဏ္ဍအနေဖြင့်လည်း လိုက်လျောညီထွေ တိုးတက်ဖြစ်ထွန်းစေရအောင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မှု၏ အရှိန်အဟုန်သိသာစွာ မြှင့်တင်ပေးနိုင်စေရအောင်၊ take-off ဖြစ်အောင် ပုဂ္ဂလိကကဏ္ဍကရော

စီမံဆောင်ရွက်ပေးရမည့် အထက်အဖွဲ့အစည်းများအပိုင်းနှင့် နိုင်ငံတော်အပိုင်းကပါ ဖင့်နွှေးကြန့်ကြာမနေဘဲ အားလုံးက တက်တက်ကြွကြွ ယုံယုံကြည်ကြည်ဖြင့် အချိန်ကိုက် ကြိုးစားဆောင်ရွက်ကြဖို့သင့်ကြောင်း။

ယခုကာလအတွက် ရည်မှန်းချက်ထားဆောင်ရွက်သင့်သည်များကို ပြောရလျှင် ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေး၊ နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိစေမည့် နည်းပညာရရှိရေးနှင့် ပြည်တွင်း၌ နည်းပညာပြန့်ပွားရေး၊ နိုင်ငံတော်၏ အရင်းအမြစ်နှင့် ကုန်ကြမ်း

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးကော်မတီ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး (၁/၂၀၀၆)တွင် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ် မှူး ချုပ် တင် နိုင် သိန်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

များကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး၊ ပြည်ပက ဝင်ရောက်နေသော ကုန်ပစ္စည်းအချို့ကို ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြင့် အစားထိုးပြီး နိုင်ငံခြားငွေသုံးစွဲရမှု သက်သာစေရေးနှင့် ယင်းငွေကြေးကို စက်မှုလက်မှုလုပ်ငန်းသစ်များ ထူထောင်ရာတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးတို့ပင်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုအပိုင်းနှင့်ပတ်သက်၍ နိုင်ငံခြားဝင်ငွေရရှိနေသော လုပ်ငန်းရှင်များအနေဖြင့် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ ကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံကြဖို့သင့်ကြောင်း၊ နိုင်ငံ၏လိုအပ်ချက်လည်းဖြစ် ကိုယ်တိုင်အတွက်လည်း အကျိုးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုမျိုးကို ရင်းနှီးမြှုပ်နှံလာကြစေရေးအတွက် စပ်ဟပ်ပေးဖို့၊ နည်းလမ်းညွှန်ပြပေးဖို့၊ လှုံ့ဆော်စည်းရုံးပေးဖို့လိုကြောင်း။

လှုံ့ဆော်စည်းရုံး

စက်မှုကဏ္ဍ၏ ပိုင်ဆိုင်မှုအချိုးအနေဖြင့်ကြည့်လျှင် ပုဂ္ဂလိကကဏ္ဍ ၉၂ဒသမ၃၆ရာခိုင်နှုန်း ပါဝင်နေသဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကအားထားရမည့်အင်အားစုပင်ဖြစ်ကြောင်း။

ထို့အပြင် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံတော်အနေဖြင့် ကနဦးကာလများကစတင်၍ အစဉ်တစိုက် စောင့်ရှောက်ထားရှိခဲ့သည့် မူဝါဒဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍအားပေးမြှင့်တင်ရေးကို နိုင်ငံတော်က ဆက်လက်၍ စဉ်ဆက်မပြတ် အရှိန်မြှင့်တင်အားပေးသွားမည်ဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက အားပေးပံ့ပိုးလျက်ရှိသည့်နှင့်အညီ ပုဂ္ဂလိကကဏ္ဍအနေဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့ရန်အလားအလာကောင်းမွန်သည့် စက်မှုလုပ်ငန်းများကို ဆန်းစစ်ရွေးချယ်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားဖို့ တိုက်တွန်းလိုကြောင်း။

အဆင့်မြင့်ကုန်များ ထုတ်လုပ်မည်

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍသည် အလားအလာကောင်းနေသည့် အားလျော်စွာ တိုးတက်လာသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံ၍ တီထွင်ကြံဆမှုများဖြင့် ပေါင်းစပ်ပြီး အဆင့်မြင့်ကုန်ချောအဆင့် တန်ဖိုးကြီးသော ကုန်ချောအဆင့်အထိ ထုတ်လုပ်လျက်သွင်းကုန်များကို အစားထိုးခြင်းသာမက ပို့ကုန်အဖြစ်ပါ ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ယနေ့ စားသုံးမှုကျယ်ပြန့်ကြီးထွားလာနေသော ပြည်ပမှတင်သွင်းရသည့် ခေတ်မီစားသုံးကုန်ပစ္စည်းများမှာ မိမိနိုင်ငံထွက် သီးနှံများကို အခြေခံထုတ်လုပ်ထားသည်ဖြစ်၍ စားသောက်ကုန်လုပ်ငန်းထုတ်လုပ်သည့် စက်ကိရိယာများ တင်သွင်းပြီး စားသောက်ကုန်လုပ်ငန်းများ ထူထောင်သင့်ကြောင်း၊ ယင်းစားသောက်ကုန်လုပ်ငန်းများကို နိုင်ငံတော်ကလည်း အားပေးပြီး အောင်မြင်ဖြစ်ထွန်းသည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုလျှင် ယနေ့ကဲ့သို့ စားသောက်ကုန်များ တင်သွင်းနေရသည့်အစား မိမိတို့က ပြန်လည်တင်ပို့နိုင်သည့်အခြေအနေ ရောက်ရှိလာမှာဖြစ်ကြောင်း။

သစ်တောကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုကဏ္ဍစသည်တို့တွင်လည်း တန်ဖိုးကြီးသော ကုန်ချောအဆင့်အထိ ထုတ်လုပ်၍ တင်ပို့ရောင်းချနိုင်ရေးအတွက် လိုအပ်သော စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ဖို့လိုကြောင်း။

အားပေးထူထောင်

ပြည်ပမှဝင်ရောက်နေသော ကုန်ပစ္စည်းများအနက်မှ မိမိနိုင်ငံတွင် ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းအမျိုးအစားများ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုအနည်းဆုံးဖြင့် ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းအမျိုးအစားများကို ထုတ်လုပ်နိုင်မည့် စက်မှုလက်မှုလုပ်ငန်းများကို အားပေးထူထောင်ဖို့လိုကြောင်း။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆) တွင် မြန်မာ့ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အတွင်းရေးမှူး အမှတ် (၁) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆) တွင် မြန်မာ့ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လက်ရှိပြည်တွင်း၌ ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုနည်းစနစ်များအား အမြဲဆန်းစစ်လေ့လာပြီး အလေအလွင့်နည်းပါးစွာ၊ ကုန်ကျစရိတ်ပိုမိုသက်သာစွာ၊ အရည်အသွေးပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်မည့် နည်းလမ်းများကို upgrade လုပ်မြှင့်တင်ပေးရမှာ ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် ငွေကြေးနည်းပညာ တတ်နိုင်သဖြင့် အမယ်သစ်နည်းပညာသစ်များ အသုံးပြုကြသော်လည်း မိမိတို့အနေဖြင့် Reverse Engineering နည်းအသုံးပြုထုတ်လုပ်နိုင်ကြကြောင်း၊ အတွေ့အကြုံနှင့်အရည်အချင်းများရှိပြီး ဖြစ်သည့်အတိုင်း ယင်းနည်းကိုလည်း လိုအပ်သလိုအသုံးပြုသင့်ကြောင်း။

မိမိတို့အနေဖြင့် အားသာချက်ရှိသော အလားအလာကောင်းသော စက်မှုလုပ်ငန်းများကို စိတ်ကြိုက်ရွေးချယ်ထူထောင်ရမည်ဖြစ်ရာ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ စပါးခွံ၊ဖွဲကြမ်း၊ ဖွဲနု၊ပဲနှင့်ပဲထွက်ပစ္စည်း၊ ဂျုံနှင့်ဂျုံထွက် ပစ္စည်းစသည့် စိုက်ပျိုးသီးနှံဖြင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများ၊ သားငါးနှင့်သက်ဆိုင်သော စက်မှုလုပ်ငန်းများ၊ သစ်တောထွက်ပစ္စည်းနှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများ၊ ရော်ဘာ၊ဝါဂွမ်း၊ ဂုန်နီစသည့် ပစ္စည်းများနှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများစသည်ဖြင့် အလားအလာများစွာ ရှိနေသည့်အတွက် မိမိတို့နှင့် ဆီလျော်ရာလုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဦးစားပေးရွေးချယ်ထူထောင်

သာဓကအနေဖြင့် မြေရိုင်းများဖော်ထုတ်ပြီး ဆီအုန်းစိုက်ပျိုးသည်မှစ၍ စားအုန်းဆီအချော သန့်စင်ထုတ်လုပ်နိုင်သည်အထိ ထုတ်လုပ်မှုလုပ်ငန်းအစမှ အဆုံးတိုင် ဆောင်ရွက်နိုင်သည့်လုပ်ငန်းတစ်ရပ် အောင်မြင် ဖြစ်ထွန်းလာသည်ကို တွေ့ရကြောင်း၊ စိတ်ဓာတ်၊ ဇွဲလုံ့လ စွန့်စားမှု နိုင်ငံတော် အပေါ် ယုံကြည်မှုတို့ဖြင့် ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် ထုတ်လုပ်မှုဖြစ်စဉ် အစမှအဆုံးတိုင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ရာ ယင်းသို့ ထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်ကို အလျှော့မပြတ် ဆောင်ရွက်နိုင်သည့် စက်မှုလုပ်ငန်းများကို ဦးစားပေး ရွေးချယ်ထူထောင်ကြဖို့ စဉ်ဆက်မပြတ် အားပေးကြဖို့သင့်ကြောင်း။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးတွင်မြို့ပြနှင့် တန်းတူရည်တူ ဖွံ့ဖြိုး တိုးတက်လာစေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိရာတွင် ကျေးလက်လျှပ်စစ်မီးရရှိရေး အပါအဝင် ကြက်ဆူဆီ အသုံးပြုသည့် စက်ကိရိယာများ တီထွင်ထုတ်လုပ်ဖို့ လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုရရှိသည်နှင့် တစ်ပြိုင်နက် ကြက်ဆူပင် စိုက်ပျိုးမှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရှိန်အဟုန်ရှိရှိ ဆောင်ရွက်ခဲ့သည့်အလျောက် နောင်နှစ်နှစ်ခန့်အတွင်း ဒီဇယ်အစားထိုး ကြက်ဆူဆီ အသုံးပြုသည့်စက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်နှင့် အခြေခိုင်ခံ့စွာ ဖြစ်ထွန်းလာတော့မှာဖြစ်ကြောင်း။

ကြိုတင်စီမံ

အလားတူပင် ဓာတ်ဆီအစားထိုး အီသနောကို ကြံမှ ထုတ်လုပ်နိုင်တော့မည်ဖြစ်ရာ နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရသည့် ဒီဇယ်နှင့် ဓာတ်ဆီအစားထိုး ကြက်ဆူဆီနှင့် အီသနောထုတ်လုပ်မှုမှ တစ်ဆင့် နောင်ကာလတွင် bio-Fuel ထုတ်လုပ်သည့်အဆင့်သို့ တက်လှမ်းလာတော့မှာဖြစ်ကြောင်း၊ သို့ဖြစ်၍ ကြက်ဆူဆီနှင့် အီသနောအသုံးပြုသည့် စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ယခုကပင် ကြိုတင်စီမံ ထူထောင်သွားကြဖို့လိုကြောင်း။

ထို့အပြင် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သည့် စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ ကျောက်မျက်နှင့် သတ္တုတူးဖော်ရာနှင့် အချောထည် ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ အနုပညာနှင့် ရိုးရာယဉ်ကျေးမှုပစ္စည်းများ ထုတ်လုပ်မှုနှင့် စပ်လျဉ်းသည့် ပစ္စည်းကိရိယာများထုတ်လုပ်သည့် စက်မှုလုပ်ငန်းများအပြင် စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေး ကဏ္ဍတို့နှင့် သက်ဆိုင်သော စက်မှုလက်မှုလုပ်ငန်းများလည်း တဖြည့်ဖြည်း အားကောင်းလာမည်ဖြစ်ရာ လေ့လာဆန်းစစ် ရွေးချယ်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

ပိုမိုသုံးစွဲနိုင်

လျှပ်စစ်ဓာတ်အားနှင့်အတူ သဘာဝဓာတ်ငွေ့ကိုလည်း မကြာမီသော ကာလတွင် ပိုမိုသုံးစွဲနိုင်တော့မှာဖြစ်ကြောင်း၊ နည်းပညာနှင့်စပ်လျဉ်း၍ ပညာရေး အဆင့်အတန်းမြှင့်တင်ခြင်း၊ တိုးတက်လာသော နည်းပညာလေ့လာမှုများကို အားပေးမြှင့်တင်ခြင်း၊ နည်းပညာရပ်ဆိုင်ရာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ လုပ်ငန်းခွင်လေ့လာမှုများကို တိုးချဲ့ခြင်း၊ သုတေသနလုပ်ငန်းများနှင့် လက်တွေ့နယ်ပယ်ဖြစ်သော စက်ရုံအလုပ်ရုံတို့အား ဆက်စပ်ပေးခြင်းစသည်တို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရေ့အဖို့တွင် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ အဆင်ပြေချောမွေ့အောင် အားပေးမြှင့်တင်ဆောင်ရွက်သွားနိုင်ရန် လိုလားကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်သုတေသနလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် ပေါင်းစပ်ညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်လာသည့်အခြေအနေရှိကြောင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာသည်နှင့်အမျှ နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးခဲ့သည့် မှန်ကန်သောမူဝါဒနှင့် လမ်းညွှန်ချက်များသည် ယနေ့လက်ငင်းမြင်တွေ့နေရသော အကျိုးရလဒ်ကောင်းများအဖြစ် အောင်အောင်မြင်မြင် ပေါ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

နောင်ကာလတွင် ဆောင်ရွက်သွားရမည့် အခြေအနေနှင့် ခေတ်သစ်၏ သဘောအရ speed, skill, flexibility ဆိုသည့် အရည်အသွေးများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းမှုများသည် အလွန်ပင်သွက်လက်မြန်ဆန် မှန်ကန်နေရမည်ဖြစ်ကြောင်း။

ပိုမိုသွက်လက်မြန်ဆန်

ချို့ယွင်းမှုများကို ဖယ်ရှားလျက် ပိုမိုသွက်လက်မြန်ဆန်စွာဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန် ပဏာမအနေဖြင့် မှာကြားလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သံရည်ကျိုစက်ရုံလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ ငွေကြေးထည့်ဝင်မှုအခြေအနေ၊ မိုနှင့်ဒိုင်စက်ရုံ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ၊ ဘတ်စ်ကားကြီးများနှင့် ထရပ်ကားကြီးများထုတ်လုပ်မှုအခြေအနေ၊ စက်မှုဇုန်များတွင်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များထုတ်လုပ်မှုအခြေအနေ၊ CNG အင်ဂျင်ပြောင်းလဲတပ်ဆင်ရန်အတွက် လှည့်ပတ်ရန်ပုံငွေသုံးစွဲမှုအခြေအနေ၊ အထူးစီးပွားရေးဇုန်များတည်ထောင်ဆောင်ရွက်မှုအခြေအနေ၊ စက်မှုလုပ်ငန်းသုံး သံကုန်ကြမ်းများရရှိရေးလုပ်ငန်းနှင့် မြောင်းတကာသံရည်ကျိုစက်မှုဇုန်လုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ထားရှိမှုနှင့် နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်နယ်နှင့်တိုင်းအလိုက် ဆောင်ရွက်မည့်အစီအမံများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်က မန္တလေး၊ မုံရွာ၊ တောင်ကြီး(အေးသာယာ)စက်မှုဇုန်များရှိ သံရည်ကျိုစက်ရုံများ၏ တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာက စက်မှုလက်မှု လုပ်ငန်းစာရင်းအမှန်ရရှိရေး၊ စာရင်းဇယား ကောက်ယူရန်အတွက် စာရင်းဇယား ပုံစံများချမှတ်ရေး၊စာရင်းဇယား ကောက်ယူရေးအဖွဲ့ ဖွဲ့စည်းရေးနှင့် တာဝန်ပေးအပ်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံ၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး ဆောင်ရွက်ထားမှုအခြေအနေများနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက စိုက်ပျိုးရေး အခြေခံစားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ငါးလုပ်ငန်းများနှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့်နို့ထွက်ပစ္စည်း၊ အသားထွက်ပစ္စည်း၊ ကြက်သားပေါက်၊ တိရစ္ဆာန်အစားအစာထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံ စာရင်းဖော်ပြချက်များကိုလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က သတ္တုနှင့်သတ္တုထွက် ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး ဆောင်ရွက်ထားမှုအခြေအနေ တင်ပြချက်များကိုလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သစ်တောကဏ္ဍနှင့် သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အီဂျစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၆ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာမက်အာဘူဂိုက် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စီစဉ်ထားမှုတင်ပြ

ဆက်လက်၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်မှုအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးစီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က စက်မှုလုပ်ငန်းသုံး သံကုန်ကြမ်းများရရှိရေးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မြောင်းတကာ သံရည်ကျို စက်မှုဇုန်လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း အထွေထွေ မန်နေဂျာ ဒေါက်တာချို့ဝင်းမော်က မြန်မာနိုင်ငံတွင် စားသောက်ကုန်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေး၊ မုံရွာ၊ တောင်ကြီးစက်မှုဇုန် သံရည်ကျို စက်မှုလုပ်ငန်း ကုမ္ပဏီများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများကို ကုမ္ပဏီဥက္ကဋ္ဌများကလည်းကောင်း၊ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်အလိုက်ဆောင်ရွက်မည့် အစီအမံများကို စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌများကလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေ ၆ နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၁/၂၀၀၆)တွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တတိယကာလတို ငါးနှစ်စီမံကိန်း ကာလအတွင်း တည်ဆောက်ခဲ့သည့် လျှပ်စစ်ဓာတ်အားစီမံကိန်းများမှာလည်း ယခုနှစ်မှစတင်၍ အသီးသီး ထွက်ရှိလာပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်ပေးနိုင်တော့မည် ဖြစ်ရာ စက်မှုကဏ္ဍအနေဖြင့်လည်း လိုက်လျောညီထွေ တိုးတက်ဖြစ်ထွန်း စေရအောင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မှု၏ အရှိန်အဟုန်သိသာစွာ မြှင့်တင်ပေးနိုင်စေရအောင်၊ take-off ဖြစ်အောင် ပုဂ္ဂလိကကဏ္ဍကရော စီမံဆောင်ရွက်ပေးရမည့် အထက်အဖွဲ့အစည်းများ အပိုင်းနှင့် နိုင်ငံတော်အပိုင်းကပါ ဖင့်နွှဲးကြန့်ကြာမနေဘဲ အားလုံးက တက်တက်ကြွကြွ ယုံယုံကြည်ကြည် ဖြင့် အချိန်ကိုက် ကြိုးစားဆောင်ရွက်ကြဖို့သင့်။

လေးအိမ်စုကျေးရွာ မင်္ဂလာစာကြည့်တိုက်သို့ တစ်ခေါက်

ချစ်နိုင်(စိတ်ပညာ)

"လောက၌ ခပ်သိမ်းကုန်သော အမွေတို့တွင် ပညာရှိအဆက်ဆက်တို့ထံမှ ရယူအပ်သောစာပေကျမ်းဂန်တည်းဟူသော အမွေသည် အကြီးမြတ်ဆုံးပေတည်း။

ဥစ္စာပစ္စည်း၊ လယ်ယာ ကျွဲနွားစသော အမွေတို့သည် အနည်းငယ်မျှသော လူသတ္တဝါတို့၏ စည်းစိမ် ချမ်းသာကိုသာ ဖြစ်စေနိုင်ကုန်၏။

စာပေကျမ်းဂန်တို့သည်ကား ကမ္ဘာလောကကြီးတစ်ခုလုံး၏ စည်းစိမ် ချမ်းသာကို ဖြစ်စေနိုင်ကုန်၏။"

စံကင်းဆရာတော် (ထေရုပ္ပတ္တိ-၂၂၂ မှ)

လေးအိမ်စုသို့

ရန်ကုန်မြို့မှ အနောက်အရပ်ဆီသို့ တွံတေးတူးမြောင်းအတိုင်း ရေကြောင်းလမ်းဖြင့် လိုက်ပါ၍ တွံတေးတူးမြောင်းဆုံးသွားလျှင် ၂၁ မိုင် ခရီးပေါက်သွားပါသည်။ ထို့နောက် လက်ယာဘက်ရှိ တိုးမြစ်အတိုင်း ဆက်လက် ဆန်တက်သွားပါက ၁၄မိုင်အကွာရောက်လျှင် အရှေ့ဘက် လက်ယာဘက်ကမ်းပေါ်တွင် အိမ်ခြေ ၁၀၀၀ကျော်ရှိသော ကရင်ရွာကြီးတစ်ရွာကို တွေ့မြင်ရပါလိမ့်မည်။ စိမ်းစိုသာယာသော ဤရွာသည် လေးအိမ်စုရွာဟု ခေါ်တွင်ပါသည်။

ရေလမ်းခရီး

စာရေးသူတို့ မအူပင်မြို့ ဆိပ်ကမ်းမှ ၂၅-၆-၂၀၀၆(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် တိုးမြစ်အတိုင်း ပဲ့ထောင်စက်လှေလေးတစ်စင်းဖြင့် စုန်ဆင်းခဲ့ကြပါသည်။ လေးအိမ်စုရွာသည် မအူပင်မြို့မှ တိုးမြစ်ရေလမ်းခရီးအတိုင်း ၁၁မိုင်မျှ ကွာဝေးပါသည်။

မိုးရာသီဖြစ်သော်လည်း ထိုနေ့က ရာသီဥတု သာသာယာယာရှိပါသည်။ ကောင်းကင်တွင် မိုးသားမိုးတိမ်များ အုံ့ဆိုင်းမှိုင်းညို့နေသော်လည်း တစ်ခါတစ်ရံ မိုးပြေးမိုးဖွဲလေးသာ ရွာချခဲ့ပါသည်။ နေသာချိန်များပြီး လေလည်းငြိမ်ပါသည်။ မိုးသည်းသည်းနှင့် လေပြင်းတိုက်ခတ်နေသော မိုးတွင်းရက်များမှာပင် စာရေးသူသည် မအူပင်မှ ဖျာပုံသို့ သွားခဲ့ဖူးပါသည်။ ထိုစဉ်က မအူပင်မှ ဖျာပုံသို့ ကားလမ်းမပေါက်သေး။ ကျိုက်လတ် တံတားနှင့် ဂုံညင်းတန်း မြစ်ကူးတံတားကြီးနှစ်စင်းကို တည်ဆောက်နေဆဲဖြစ်ပါ၏။ လေပြင်းဒဏ်ယမ်းနေပြီး မိုးသဲသဲမဲမဲ အောက်၌ ပဲ့ထောင်စက်လှေကို ဘေးနံမှ ပလတ်စတစ်အကာ ဝါးလိပ်ကလေးချကာ ဘုရားစာရွတ်ဆိုလျက် လိုက်ပါခဲ့သည်။ ကောင်းကင်တစ်ခုလုံး မည်းမှောင်နေသည်။ မိုးသီးမိုးပေါက်များက ကြီးလည်းကြီး စိပ်လည်းစိပ်သည်။ ခက်ခက်ခဲခဲ ရေကြောင်းလမ်းကို ခရီးသွားခဲ့မိပလေဟု နောင်တမရခဲ့ပါချေ။ ထို့ကြောင့် ဖွန်လကုန်ခါနီး မိုးရာသီကာလမှာပင် ယခင်တစ်ကြိမ်ထက် ပိုပြီးသေးငယ်သော ပဲ့ထောင်စက်လှေကလေးဖြင့် ခရီးထွက်လာခဲ့ချေပြီ။

မင်္ဂလာစာကြည့်တိုက်

ယခုတစ်ခေါက်မှာတော့ မိုးဖွဲဖွဲလေးသာ အေးအေးမြမြ ရွာခဲ့ပါသည်။ ရန်ကုန်မှ မအူပင်သို့ မိုင် ၅၀ကျော် ကားဖြင့်၊ မအူပင်မှ လေးအိမ်စုရွာသို့ လှေဖြင့် ခရီးထွက်ခဲ့သည်။ နံနက် ၅ နာရီ အိမ်မှထွက်လာခဲ့သည်မှာ ၉နာရီမထိုးမီ လေအိမ်စုရွာဆိပ်ကမ်းသို့ လှေကပ်ပေပြီ။ မိမိနှင့်အတူ ဗဟန်း ရွှေတိဂုံဘုရားအရှေ့ဘက်၊ ကရင်ကျောင်းမှ သံဃာတော်တစ်ပါးလည်း အတူပါခဲ့သည်။ လေးအိမ်စုရွာဇာတိ ဦးဝိစိတ္တသာရ(လေးအိမ်စု) ဖြစ်ပေသည်။ ဦးဝိစိတ္တသာရသည် သက်တော်၅၀ ကျော်၊ ဝါတော်၃၄ ဝါရှိလေသည်။ လေးအိမ်စုရွာ၌ "မင်္ဂလာစာကြည့်တိုက်"ဟူသော ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို စတင်မျိုးစေ့ချ စိုက်ပျိုးတော်မူခဲ့သော သံဃာတော်ဖြစ်ပါသည်။ လေးအိမ်စုကျေးရွာ မင်္ဂလာစာကြည့်တိုက်သည် ယခုအခါတည်တံ့ခိုင်မြဲရုံမျှမက ကျယ်ပြန့်အောင်မြင်လာခဲ့သည်မှာ ၁၄နှစ် ရှိပေပြီ။ နှစ်စဉ်နှစ်တိုင်း နှစ်ပတ်လည်နေ့ အမှတ်တရ အခမ်းအနားကျင်းပလေ့ရှိသည်။ မကြာမီ ၁၄နှစ်မြောက် မင်္ဂလာစာကြည့်တိုက် နှစ်ပတ်လည်နေ့ကို စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲများဖြင့် ကျင်းပဦးမည်ဖြစ်လေသည်။ စီမံပြင်ဆင်နေကြသည်။

ခိုင်မာအောင်မြင်

အောင်မြင်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တစ်ခုကို မြေပြင်ကွင်းဆင်းလေ့လာခြင်း၊ ထိတွေ့အားပေးခြင်းနှင့် အခက်အခဲ အဆင်မပြေမှုများရှိပါက ပွင့်လင်းစွာ ဆွေးနွေးအဖြေရှာရန်နှင့် စံနမူနာပြု အတုယူနိုင်ရန် စာရေးသူတို့အဖွဲ့က လေးအိမ်စု ကရင်ရွာကြီးသို့ ဆိုက်ရောက်သွားကြပါသည်။ ကမ်းပေါ်သို့ လှေဦးဆိုက်သည်နှင့် ရပ်ရွာလူကြီးများ၊ ဆရာမကြီးနှင့် ရပ်ရွာလူငယ်မောင်မယ်များ သုံးဆယ်ကျော်ခန့်သည် ဆွေမျိုးများ ရွာပြန်လာသည်ကို ဝိုင်းဝန်းကြိုဆိုသကဲ့သို့ ပြုံးရွှင်လှိုက်လှဲစွာ ကြိုဆိုကြပါသည်။ ရွာမှာ တယ်လီဖုန်းရှိသည်။ ပြည်ပအထိ အလွယ်တကူ ပြောရ၍ရသည်။ ဆက်သွယ်ရေး ကောင်းမွန်လှပါတကား။ မိမိတို့လာမည်ကိုအားလုံးကကြိုသိထားကြပါသည်။

မိုးရာသီမို့ ရေတက်၍ လမ်းပျက်၊ လမ်းပိတ်သွားသော်လည်း ဆောင်းနှင့် နွေရာသီဆိုလျှင် ရန်ကုန်နှင့်လေးအိမ်စု နေ့ချင်းပြန် ကားဆွဲသဖြင့် သွားရေး လာရေး အထူးလွယ်ကူသည်။ လေးအိမ်စုမှ လှိုင်သာယာ ကားဂိတ်ဝင်းအထိ ကားခ ကျပ် ၁၀၀၀ ဖြစ်ပါသည်။

ရှေးကသွားလာရေးခက်ခဲ

ရန်ကုန်နှင့် လေးအိမ်စုသည် ရန်ကုန်နှင့် ပဲခူးလောက်ပင် မဝေးသော်လည်း ရှေးကမူ ရေလမ်းတစ်ခုသာ သွားလာဆက်သွယ်နိုင်သဖြင့် သမ္ဗန်များ၊ လှေများဖြင့် ညဥ့်အိပ်ညဥ့်နေ သွားခဲ့ကြရသည်။ သွားရေးလာရေး ခက်ခဲသော်လည်း မအူပင်မြို့နယ် လေးအိမ်စုကျေးရွာသည် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ သမိုင်းအစဉ်အလာကောင်းခဲ့သော အရပ်ဖြစ်သည်။ နယ်ချဲ့က အိမ်ကြက်ချင်း အိုးမဲသုတ်လျက် ခွပ်စေသောကြောင့် မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် လူမျိုးရေး အဓိကရုဏ်းတွေ ရှိခဲ့ဖူးသည်။ သွေးမကွဲခဲ့၊ ညီညွတ်ခြင်းသည်သာအင်အားဖြစ်ကြောင်း ဒေသခံတိုင်းရင်းသားတို့သည် သွေးစည်းခြင်း၊ စည်းလုံးခြင်းကို ပြခဲ့သည်။ ထို့ကြောင့် တို့မီးရှို့မီးလုပ်ခဲ့သော နယ်ချဲ့၏ အကြံအစည်မအောင်ဘဲ မြစ်ဝကျွန်းပေါ်ဒေသသည် အေးချမ်းလုံခြုံရေး တစ်စတစ်စ တိုးတက် လာခဲ့သည်။ ပြည်သူများက သွေးကွဲခြင်း၏ ကြီးမားသော အန္တရာယ်ကို သိမြင်သည်။ ငြိမ်းချမ်းခြင်း၊စည်းလုံးညီညွတ်ခြင်း၏ကောင်းကျိုးရလဒ်ကိုနားလည်သည်။

လေးအိမ်စု

လေးအိမ်စုကျေးရွာတွင် ၁၉၅၄ ခုနှစ်ကပင်စတင်၍ အစိုးရအထက်တန်းကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၁၉၇၄ခုနှစ်တွင် မြစ်ဝကျွန်းပေါ် ပြည်သူလူထုသည် တပ်မတော်နှင့် လက်တွဲလျက် သောင်းကျန်းဆူပူမှုဟူသမျှကို ပြည်သူ့စစ်ဖြင့် အမြစ်ပြတ်ချေမှုန်းခဲ့သည်။ ငြိမ်းချမ်းလုံခြုံသွားပြီဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်မှာ အားလုံးကိုယ်တွေ့မျက်မြင်။ ၂၀၀၄ ခုနှစ်တွင် လေးအိမ်စု အထက်တန်းကျောင်းကြီးသည် နှစ်၅၀ပြည့်ပေပြီ။ ကျပ်သိန်းပေါင်း၄၀၀ ခန့်တန်သော "ရွှေရတု" ကျောင်းဆောင် နှစ်ထပ်ကျောင်းကြီးကိုပင် ပြည်သူနှင့် နိုင်ငံတော်အစိုးရ ပူးပေါင်းဆောက်လုပ်နိုင်ခဲ့ပြီ။

ပညာတတ်တွေများစွာရှိလာ

အစိုးရကျောင်းဖွင့်ခဲ့သည်မှာ ၅၂နှစ် ကြာခဲ့ပြီဖြစ်သော လေးအိမ်စု ကရင်ရွာကြီး၌ ဘွဲ့ရ ၁၁၅ဦးရှိသည်။ အဝေးသင် တက်ရောက်နေကြသော တက္ကသိုလ်ကျောင်းသား ၆၃ဦးရှိသည်။ တက္ကသိုလ်များတွင်လက်ရှိ တက်ရောက်သင်ယူနေဆဲလေးအိမ်စုရွာသား ၂၀ရှိသည်။ လေးအိမ်စု ကျေးရွာ အုပ်စုထဲရှိ ကုက္ကိုစုကျေးရွာ၊ သရက်ငူကျေးရွာ၊ တာတပေါအရှေ့ကျေးရွာ (လေးရွာပေါင်း) ဘွဲ့ရပုဂ္ဂိုလ်စုစုပေါင်း ၁၈၁ယောက်ရှိခဲ့ပြီ။ တက္ကသိုလ် အသီးသီးတွင် ပညာသင်နေဆဲက ၁၄၄ယောက်ရှိနေသည်။ ဝမ်းမြောက်အားတက်ဖွယ် ဖြစ်ပေသည်။

နော်ခင်မျိုးလတ်နှင့် နော်သန်းသန်းခင်

တိုးမြစ်နံဘေးက လေးအိမ်စုရွာကြီးသို့ ကျွန်တော်တို့ ၂၅-၆-၂၀၀၆(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရောက်ကြသည်။ မင်္ဂလာစာကြည့်တိုက်ကို ဦးစွာပထမသွားရောက်လေ့လာကြသည်။ စာကြည့်တိုက်မှူး နော်ခင်မျိုးလတ်နှင့် နော်သန်းသန်းခင်တို့က ရှင်းပြသည်။ သီလရှင်ဆရာလေး ဒေါ်ဟေမာစာရီက စာကြည့်တိုက်သမိုင်းကိုရှင်းပြသည်။ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစောဝင်းဇော်နှင့် မျက်နှာကြက်အလှူရှင် ဦးစောရွှေဝင်းလှိုင်တို့က စာကြည့်တိုက်အဆောက်အအုံနှင့် ပရိဘောဂများတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပုံများကို ပြောပြကြသည်။

ဒေါ်ဟေမာစာရီ

ဆရာလေး ဒေါ်ဟေမာစာရီက သိပ္ပံဘွဲ့ရ (ဓာတုကုန်ထုတ်) ပညာတတ်တစ်ယောက် ဖြစ်သည်သာမက ဒေါ်သန်းသန်းဝင်းဘဝ ကျောင်းသူအရွယ်မှ စတင်၍ စာကြည့်တိုက်ကို သန္ဓေတည်ဖွင့်လှစ်ခဲ့သူဖြစ်သဖြင့် အနာဂတ် မျှော်မှန်းချက်ကို ထက်သန်တက်ကြွစွာရှင်းပြသည်။ ကွန်ပျူတာ ၄-၅လုံးထားပြီး စီဒီရွှမ်များနှင့် အီးစာကြည့်တိုက်အဖြစ် ထူထောင်မည်။ ရန်ကုန်မြို့ရှိ စာပေဗိမာန်မှ E-Libraryကို သွားရောက်လေ့လာခဲ့ပြီးပြီ။ မီးစက်၊ ကွန်ပျူတာ၊ စီဒီဓာတ်ပြားစသည်များဖြင့် ခေတ်မီအောင် ဆက်လက်တိုးချဲ့သွားရန် ရည်ရွယ်သည်။ အားကျစရာ၊ လေးစားစရာအကျိုးဆောင် သီလရှင်လေးတစ်ပါးဖြစ်ပေသည်။

Books	- စာအုပ်မျိုးစုံ	၈၀၀၀ ကျော်ရှိသည်-
	စာအုပ်လုံးချင်း	၂၂၀၀ ကျော်
	မဂ္ဂဇင်း	၁၆၀၀ ကျော်
	ဂျာနယ်စုံ	၄၈၀၀ ကျော်
Building	အဆောက်အအုံ-ကိုယ်ပိုင်ပေ၃၀ x ပေ ၄၀ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ တစ်ထပ်၊ ကိုယ်ပိုင်မြေ၊ ဆက်ပြီး တိုးချဲ့ဦးမည်။	
Budget	ရန်ပုံငွေကျပ် ၉၀၀၀၀ကျော်ရှိသည်။ လစဉ်စာအုပ်ငှားခ ကျပ်၂၅၀၀၀မှကျပ် ၃၀၀၀၀ရသည်။ လစဉ်စာအုပ်အလှူရှင်က ၂၀ကျော်ရှိနေသည်။	
Borrower	စာကြည့်တိုက် အသင်းဝင် ၁၀၀၀ကျော်ရှိသည်။ နေ့စဉ်စာဖတ်သူ ၆၀ကျော်၊ နေ့စဉ်စာအုပ်ငှားသူ ၅၀ကျော်ရှိသည်။	
Brain	စာကြည့်တိုက်မှူး နှစ်ဦးရှိသည်။ ကတ်တလောက်စနစ် ကျင့်သုံးသည်။ ပြန်ကြားရေးရုံးမှာ သင်တန်းတက်ခဲ့ပြီ။ စာကြည့်တိုက်အမှုဆောင်အဖွဲ့ စနစ်တကျရှိသည်။	

၁၉၉၂မှာ စတင်ခဲ့

လေးအိမ်စုရွာ စာကြည့်တိုက်သည် ဘီငါးလုံးမူနှင့် အလုံးစုံကိုက်ညီသည်။ ၁၄နှစ်တိုင်တိုင် ခိုင်မာတိုးတက်ခဲ့ခြင်းမှာ ကျေးရွာလူထု၏ အားပေးမှု၊ အားကိုးယုံကြည်စွာ ဖတ်ရှုလေ့လာမှုတို့ကြောင့် ဖြစ်ပေသည်။ စာကြည့်တိုက် ပေါ်ပေါက်လာပုံ နောက်ခံသမိုင်းကို ပြောပြကြသဖြင့် သိရှိရသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဦးဝိစိတ္တသာရနှင့် ဦးပညာသာရ

ရောဝတီတိုင်း မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ မင်္ဂလာစာကြည့်တိုက်ကို ဆရာတော်ဦးဝိစိတ္တသာရ (ဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်)က ဦးဆောင်၍ ၂၂-၈-၉၂၌ (ဦးစောအုန်းသီး၊ ဆရာမ ဒေါ်ခင်ညွန့်) သမီး နော်သန်းသန်းဝင်းတို့၏ နေအိမ်တွင် ပထမအကြိမ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ယင်းသို့ဖွင့်လှစ်ရာတွင် ဆရာတော် ဦးဝိစိတ္တသာရနှင့် ဦးပညာသာရအားအမှူးထား၍ အမှုဆောင်၂၀၊ အသင်းသား ဦးရေ ၁၄၁ယောက်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။

စာကြည့်တိုက်၏ အမည်ကိုလည်း (၁)မင်္ဂလာအသင်းက ကြီးမှူးတည်ထောင်သောကြောင့် လည်းကောင်း၊ (၂)မင်္ဂလာ၏ အဓိပ္ပာယ်မှာ ကြီးပွားချမ်းသာကြောင်း လမ်းစဉ်ဖြစ်၍ မျိုးဆက်သစ်လူငယ်များ၊ လောကီ၊ လောကုတ္တရာ ကြီးပွားချမ်းသာစေရေး၌ အထောက်အကူဖြစ်စေလိုသောကြောင့်လည်းကောင်း"မင်္ဂလာစာကြည့်တိုက်"ဟု အများသဘောတူ အမည်ပေးခဲ့ကြပါသည်။

စာကြည့်တိုက်စတင်ဖွင့်လှစ်ချိန်၌ စာအုပ်မျိုးစုံ အုပ်ရေ ၅၀၀နှင့် ဗီရို တစ်လုံးသာရှိခဲ့ပါသည်။ စာကြည့်တိုက်ဖွင့်ပြီး နှစ်နှစ်အကြာတွင် အထက်တန်းကျောင်းနှင့်နီးသော ဦးစောဝင်းတင့်-ဒေါ်စန်းမြင့်မောင်တို့၏ နေအိမ်သို့ ၁၉၉၄ခုနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

ဦးစောဝင်းတင့်၊ ဦးစောဝင်းဇော်

ဦးစောဝင်းတင့်နေအိမ်၌ ၁၉၉၄ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ဖွင့်လှစ်ပြီးနောက် စာကြည့်တိုက်ကို သီးခြားအဆောက်အအုံအနေဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာမှအလှူရှင်များက စုပေါင်းပြီး ဦးစောဝင်းဇော်က ကြီးကြပ်၍ အလျား ၁၇ပေ၊ အနံ ၁၆ပေ၊ ကျယ်ဝန်းသော ၁၆၄၂၃၉ ကျပ်တန်သွပ်မိုး၊ ပျဉ်ကာအဆောက်အအုံကို ၁၃-၅-၉၆တွင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ စာကြည့်တိုက်မြေနေရာတွင် ဒေါ်ပန်းမြိုင် မိသားစု (ရန်ကုန်)နှင့် ဦးအေးသောင်မိသားစု(လေးအိမ်စု)တို့က လှူဒါန်းခဲ့ကြပါသည်။ ၁၅-၅-၉၆တွင် စာအုပ်များကို စတင်ငှားရမ်းခဲ့ပါသည်။

ဦးအောင်လင်း

မအူပင်ခရိုင် ပြန်/ဆက်ဦးစီးမှူး ဦးအုန်းသန်း၏ ၂၀၀၁ခုနှစ်တွင် စာကြည့်တိုက်မှတ်ပုံတင်ရန် ကူညီတိုက်တွန်းမှုဖြင့် လေးအိမ်စု အရှင်ဝိစိတ္တသာရ၊ မအူပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်လင်းတို့က၁၅-၁၂-၂၀၀၁တွင် ဖဲကြိုးဖြတ်၍ ဒုတိယအကြိမ် ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ ပြန်ကြားရေးဌာနတွင် မှတ်ပုံတင်ခဲ့ပါသည်။

ဦးအောင်စိုး

ယခုလက်ရှိ မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးတင်ထွေး၊ မြို့နယ်ဦးစီးမှူး ဦးအောင်စိုး၊ စာကြည့်တိုက်မှူး ဦးတင်မောင်ဦးတို့၏ အနီးကပ်ကူညီပံ့ပိုးပေးမှုကြောင့် မင်္ဂလာစာကြည့်တိုက်ကို ကတ်တလောက်စနစ်ဖြင့် ၁၉-၆-၂၀၀၃ တွင် စတင်ငှားရမ်းနိုင်ခဲ့ပြီး ၃၁-၁-၂၀၀၄တွင် မှတ်ပုံတင်နိုင်ခဲ့ပါသည်။

ထိုစဉ်က ဘာသာရေး၊ နိုင်ငံရေးနှင့် စာမေးပွဲအထောက်အကူပြုစာအုပ်များ၊ အတ္ထုပ္ပတ္တိ၊ ရသစာပေ၊ သုတစာပေနှင့် အခြားစာအုပ်များစသည့် စာအုပ်မျိုးစုံ ၁၈၇၆အုပ်ရှိခဲ့ပါသည်။ ထို့နောက် စာအုပ်အရေအတွက်၊ ပရိဘောဂနှင့် စာဖတ်သူဦးရေ များပြားလာသည့်အတွက် စာကြည့်တိုက်ကို တိုးချဲ့ရန် လိုအပ်လာပါသဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၏ ပံ့ပိုးကူညီမှု၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရပ်မိရပ်ဖများ၊ လေးအိမ်စုရွာသူရွာသားများ၏ ဝိုင်းဝန်းလှူဒါန်းမှုကြောင့် အလျား ၂၇ပေ၊ အနံ ၁၈ ပေ ကျယ်ဝန်းသော သွပ်မိုး၊ ပျဉ်ကာ တိုးချဲ့အဆောက်အအုံကို ၃-၉-၂၀၀၄တွင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ထိုတိုးချဲ့အဆောက်အအုံကို ၂၂-၈-၂၀၀၄တွင် လေးအိမ်စု မဟာသတိပဋ္ဌာန် ကျောင်းတိုက် ဆရာတော် ဦးပညာသာရက ပန္နက်တင်ပေးပါသည်။ ၁၅-၉-၂၀၀၄တွင် လေးအိမ်စု အရှင်ဝိစိတ္တသာရနှင့် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်တို့က တိုးချဲ့ဆောင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပါသည်။

ယခုအခါတွင် လုံးချင်းစာအုပ်မျိုးစုံ ၂၂၀၀၊ လစဉ်ထုတ်မဂ္ဂဇင်း ၆၀၀ နှင့် ဂျာနယ်၊ စာစောင်မျိုးစုံ ၃၀၀တို့ဖြင့် ငှားရမ်းအသုံးပြုနေပြီဖြစ်ပါသည်။ လေးအိမ်စုရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကျောင်းသူ၊ ကျောင်းသား၊ ရွာသူ၊ ရွာသားများ စိတ်ပါဝင်စားစွာ လာရောက်ဖတ်ရှု၊ ငှားရမ်းကြပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

23-7 (10).p65 1 1/4/32, 9:57 PM

အချိန်မရွေးပြောင်းလဲနေသော ရာသီဥတုသတင်း အမြန်နားစွင့် မိုးတွင်းကာလဖြစ်တတ်သော ရေဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်

ရန်ကုန် ဇူလိုင် ၂၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၃ ရက် နံနက် ၇ နာရီက ပုသိမ်-ရေကြည်-ငသိုင်းချောင်း ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ မြို့နယ်အလိုက် မိုးစပါး စိုက်ခင်းများ ကွင်းလုံးပြည့် စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေနှင့် လမ်း၊ တံတား အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

လုပ်ငန်းလိုအပ်ချက်များညှိနှိုင်းပေး

ရှေးဦးစွာတိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စောပြာရွာအနီး လမ်းဖြတ်ရေပြွန်မျော ပါ၍ ၃၅ ပေ အကျယ်မြေကြီးပြတ်နေရာများအား ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ စက်ယန္တရား အကူအညီဖြင့် မြေဖို့လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း **(ဝဲပုံ)**၊ ပေ ၁၂၀ အရှည် အမာခံလမ်းသား ပြတ်တောက်သွားသောနေရာတွင် အချိန်မရွေးသွားလာနိုင်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ယာယီဘေလီတံတားတည်ဆောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းခွင်ကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ဆက်သွယ်မှု မပြတ်တောက်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက ဒေသအာဏာပိုင်များနှင့် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းပေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အကျယ်တဝင့်မှာကြား

၎င်းနောက် တိုင်းမှူးသည် တည်ဆောက်ရေးလုပ်ငန်းယာယီမဏ္ဍပ်တွင် တာဝန်ရှိသူများ၊ အနီးအနားကျေးရွာများမှ ဒေသခံများအား တွေ့ဆုံ၍နှစ်စဉ်အတွေ့အကြုံနှင့် ယခုဖြစ်စဉ် နှိုင်းယှဉ်ဆွေးနွေးပြီး ဒေသခံများအနေဖြင့်အချိန်မရွေးပြောင်းလဲနေသော ရာသီဥတုသတင်းကိုအမြန်နားစွင့်၍မိုးတွင်းကာလဖြစ်ပေါ်တတ်သော ရေဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်နိုင်ရေးများနှင့် ပတ်သက်၍ အကျယ်တဝင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

လူကုန်ကူးမှု တားဆီးရေးဥပဒေ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက လွန်စွာမှ ပြည့်စုံကောင်းမွန်

* ကျောဖုံးမှ

ယင်းသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက ယခုကဲ့သို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လာရောက်တွေ့ဆုံဆွေးနွေးသည့်အတွက် နွေးထွေးစွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီး မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်နိုင်ငံလုံးတွင် ပြည်နယ်နှင့်တိုင်းအဆင့်မှသည် ရပ်ကွက်၊ ကျေးရွာအဆင့်ထိ အမျိုးသမီးရေးရာအဖွဲ့များ ဖွဲ့စည်းထားပြီး ရည်ရွယ်ချက် (၇)ချက်ကို ဦးတည်ထားကာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအမျိုးသမီးများအတွက် ရှေ့ဆောင်အဖွဲ့အစည်းကြီး တစ်ခုလည်း ဖြစ်ကြောင်း။

အစဉ်တစိုက်ဆောင်ရွက်

ထို့ပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးတွင် ဌာနကြီးခြောက်ခု၊ လုပ်ငန်းအဖွဲ့ခြောက်ဖွဲ့ ဖွဲ့စည်းထားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့အနက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနေဖြင့် မြန်မာအမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝ မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုကုန်ကူးမှုမှ တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးကို အမျိုးသမီး ငယ်ရွယ်အဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့ မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ပေးသောလုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ပံ့ပိုးပေးသောလုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ မိမိတို့ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက်ကိုပါ ဆောင်ရွက်နေသော အဖွဲ့ကြီးဖြစ်ကြောင်း၊ အမျိုးသမီးများ ဆင်းရဲနွမ်းပါးမှုလျော့နည်းရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးခြင်းနှင့် သင့်လျော်သော အလုပ်အကိုင်များကို ရှာဖွေဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်ငန်းများ၊ ငါးအအေးခန်းလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပြီး မြန်မာအမျိုးသမီးငယ်လေးများ အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ယင်းသို့ စီးပွားရေး ပိတ်ဆို့မှုဆိုးကျိုးများကြောင့် မြန်မာအမျိုးသမီးငယ်လေးများသည် လူမှောင် ခိုကုန်ကူးခံရမှုများ ပိုမိုဖြစ်လာနိုင်ကြောင်း၊ မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝလုံခြုံရေးတို့ ထိခိုက်စေခြင်းနှင့် စပ်လျဉ်း၍ မိမိတို့မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြေညာချက်/ကန့်ကွက်စာနှင့် ထုတ်ပြန်စာတို့ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ယခုအခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မှားယွင်းသော အစီရင်ခံစာတင်ပြပြီး မြန်မာနိုင်ငံကို အရေးယူရန် ဆောင်ရွက်နေကြသည်ကို သိရှိရကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ယင်းအစီရင်ခံစာအပေါ် လေ့လာသုံးသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း။

ပြန်လည်သုံးသပ်သင့်

မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံငယ်တစ်ခုအပေါ် အားပေးကူညီထောက်ပံ့ပေးခြင်းမပြုဘဲ ယခုကဲ့သို့ ဖိအားပေး ဟန့်တားမည်ဆိုလျှင် ပြည်သူများအား ကူညီရာမရောက်ကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံရေး ပယောဂဖြင့် ပြုလုပ်ခြင်းမပြုဘဲ မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအပေါ် အပြုသဘောဖြင့် ပြန်လည်သုံးသပ်သင့်ကြောင်းနှင့် မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝ မြှင့်တင်ရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ချက်များကို Powerpoint ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ဒုတိယ အတွင်းဝန် Mr. Dean Tidwell က လူကုန်ကူးခြင်းခံရမှုအခြေအနေ၊ အမျိုးသမီးများ စာတတ်မြောက်မှုနှင့် သင်ကြားမှုအစီအစဉ်များ အသေးစား ချေးငွေများနှင့် စပ်လျဉ်း၍ မေးမြန်းသည်။

ဆွေးနွေးဖြေကြား

ယင်းမေးမြန်းချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက လူကုန်ကူးခြင်း ခံရသူအများစုသည် နယ်စပ်ဒေသဖြတ်ကျော်ရန် လွယ်ကူသော အရပ်ဒေသများမှ ဖြစ်ပွားလေ့ရှိပြီး မြန်မာနိုင်ငံအလယ်ပိုင်းမှ အမျိုးသမီးများပင်လျှင် လူကုန်ကူးမှုခံရသူများ ရှိကြောင်း၊ သက်ကြီး အမျိုးသမီး စာတတ်မြောက်မှုမှာ ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ပညာရေးဌာနမှ သတ်မှတ်ထားသော အသုံးလုံး သင်ကြားမှု အစီအစဉ်များရှိကြောင်း၊ အဆိုပါ သတ်မှတ်ထားသော အစီအစဉ်များနှင့်ပင် သင်ကြားနေကြောင်း၊ ပြည်နယ်များတွင်သာမက မြန်မာပြည်အနှံ့ ဆောင်ရွက်နေကြောင်း၊ မြန်မာတစ်ပြည်လုံး၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့က ခန့်မှန်းချေငွေပမာဏ ငွေကျပ်ရှစ်သန်းခန့်ဖြင့် ထောက်ပံ့ကူညီနေကြောင်း၊ အတိုးနှုန်း ၂ ရာခိုင်နှုန်းသာ ယူကြောင်း၊ လူကုန်ကူးခြင်း ၆၇၇မှုကို ပြည်ထဲရေးဝန်ကြီးဌာနက ရရှိကြောင်း၊ နယ်စပ်ဒေသများ၌ တားဆီးကာကွယ်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး တားဆီးပညာပေး ပြန်လွှတ်လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နေကြောင်း ရှင်းလင်းဆွေးနွေးဖြေကြားသည်။

ဆက်လက်၍ Ms. Sarah Burkley က မြန်မာနိုင်ငံအနေဖြင့် မည်သို့သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ချက်များရှိ မရှိနှင့် မိသားစုအတွင်း အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို မေးမြန်းရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်ထူးရော်က လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများအနေဖြင့် အသိပညာပေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အသေးစားချေးငွေထုတ်ပေးခြင်းလုပ်ငန်းများ၊ Mobile Team များဖွဲ့၍ ပြည်နယ်နှင့်တိုင်းများ၌ သင်တန်းများပို့ချခြင်း၊ နှစ်သိမ့်ဆွေးနွေး အကြံပေးဌာနများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လူကုန်ကူးမှု ပြဿနာများကို ပူးပေါင်းဖြေရှင်းနိုင်ရေးအတွက် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန် မြန်မာ-တရုတ်အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ၂၀၀၅ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ ပုဂံမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံတာဝန်ရှိသူများက လည်းပူးပေါင်းဆောင်ရွက်နေကြောင်း၊ မိသားစုအတွင်း အကြမ်းဖက်မှုဖြင့် စပ်လျဉ်း၍ သုတေသနပြု ဆောင်ရွက်ခဲ့ကြောင်း၊ မိသားစုအတွင်း ဝင်ငွေမလုံလောက်ခြင်း၊ ခင်ပွန်းဖြစ်သူက အရက်သေစာ အလွန်အကျွံ သောက်စားခြင်း၊ အိမ်ထောင်ရေး ဖောက်ပြန်ခြင်းနှင့် အတူနေ ဆွေမျိုးများကြောင့် ပြဿနာများ ဖြစ်ရခြင်းတို့သည် အကြမ်းဖက်မှုများ ဖြစ်ပွားစေသော အကြောင်းရင်းများ ဖြစ်ကြောင်း တွေ့ရှိရ၍ အမျိုးသမီးများ ဝင်ငွေတိုးပွားစေရန် သက်မွေးသင်တန်းများ ပေးခြင်း၊ အသေးစား ချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေး အကြံပေး ဌာနများ ဖွင့်လှစ်ကူညီခြင်း၊ တိုင်စာအဖွဲ့ဖွဲ့၍ ဖြေရှင်းပေးခြင်း၊နယ်လှည့်နှစ်သိမ့် ဆွေးနွေးအကြံပေး သင်တန်းအဖွဲ့ ဖွဲ့၍ ပြည်နယ်နှင့်တိုင်းများ၌ သင်တန်းများ ပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်း ဆွေးနွေးဖြေကြားသည်။

ပြည့်စုံကောင်းမွန်

ယင်းနောက် အမေရိကန်သံရုံး ဒုတိယ အတွင်းဝန် Mr.Dean Tidwell က လူကုန်ကူးမှု တားဆီးရေးဥပဒေသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လွန်စွာမှ ပြည့်စုံကောင်းမွန်ကြောင်း ပြောကြားသည်။

ပိုမိုများပြား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ပါမောက္ခ ဒေါက်တာ ဒေါ်သန်းနွဲ့က လူကုန်ကူးမှု တားဆီးရေး ဥပဒေကို ကျွမ်းကျင်သူများ၏ အကူအညီဖြင့် မိမိတို့မြန်မာနိုင်ငံ၌ ရေးဆွဲခဲ့ခြင်း ဖြစ်ကြောင်း၊ Victim Cantre Law တစ်ခုဖြစ်ကြောင်း၊ ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့အနေဖြင့် မြန်မာ အမျိုးသမီးများ၏ အခြေအနေ အခွင့်အရေးများကို လေ့လာရာ၌ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CEDAW)၊ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကွန်ဗင်းရှင်း(CRC)၊ မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေတို့နှင့် ဆက်စပ်၍ လေ့လာကြောင်း၊ ထို့ပြင် Universal Declaration of Human Rights (UDHR)၊ Charter of the Union၊ အခြားလူ့အခွင့် အရေးဆိုင်ရာ ကွန်ဗင်းရှင်းတို့ကို လေ့လာခဲ့ကြောင်း၊ အဆိုပါ လေ့လာချက်များအရ မြန်မာနိုင်ငံ၌ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ အခွင့်အရေးရရှိကြောင်း၊ လက်ထပ်ထိမ်းမြားရာတွင် ဖြစ်စေ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအရာတွင်ဖြစ်စေ၊ အမွေ ဆက်ခံရာတွင်ဖြစ်စေ၊ Fundamental အခွင့်အရေးများရရှိကြောင်း၊ အထူးသဖြင့် အဆင့်မြင့်ပညာရေးတွင် ပါရဂူဘွဲ့ရ အမျိုးသမီးများအရေအတွက် ပိုမိုများပြားကြောင်း ဆွေးနွေးပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် Ms. Sarah Burkley နှင့် Mr. Dean Tidwell တို့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းစွာ သိရှိခွင့်ရသည့်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

လေးအိမ်စု မင်္ဂလာစာကြည့်တိုက် တိုးချဲ့ဆောင် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီလှူဒါန်းကြသော ပုဂ္ဂိုလ်အပေါင်းအား လေးအိမ်စု မင်္ဂလာစာကြည့်တိုက် တိုးချဲ့ဖြစ်မြောက်ရေးကော်မတီက အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုထားပါသည်။

ဦးသောင်းဒန်

စာကြည့်တိုက်ကို လေ့လာကြပြီးနောက် လေးအိမ်စုရွာ အထက်တန်း ကျောင်းသို့သွားရောက်ကြသည်။ ရွှေရတုကျောင်းဆောင်ကြီး အပေါ်ထပ်ရှိ ဟောခန်းမမှာ ဟောပြောပွဲပြုလုပ်သည်။ ကျောင်းသူ၊ ကျောင်းသား တစ်ရာကျော်နှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ အခမ်းအနားမှူးအဖြစ် ဆရာကြီး ဦးသောင်းဒန် (မူလတန်းကျောင်းအုပ်)က ဆောင်ရွက်သည်။ အထက်တန်းကျောင်းသား၊ ကျောင်းသူတွေအတွက် သူတို့နားနှင့်ဆီလျော်မည့် စကားလက်ဆောင် စကားလေးခွန်းကို အချိန် တစ်နာရီခန့် ဟောပြောခဲ့ပါသည်။

၁။ မေးပါ။ စာအုပ်တွေကို များများမေး(ဖတ်)ပါ။

၂။ တွေးပါ။ ဖတ်ရုံသာမက ဆင်ခြင်ချင့်ချိန်ပါ။

၃။ ရေးပါ။ မှတ်သားစရာ၊ အတွေးပေါ်ရာ ရေးမှတ်ပါ။

၄။ ပေးပါ။ ဆွေမျိုး၊ မိဘ၊ ဆရာ၊ ဆရာမ၊ သူငယ်ချင်းစသည်တို့အပေါ် စိတ်ဝင်စားမှု၊ ဂရုစိုက်မှု၊ ကြင်နာမှု၊ လေးစားချစ်ခင်မှု၊ အရေးထားအလိုက်သိမှု၊ ခွင့်လွှတ်သည်းခံမှု၊ မေတ္တာစေတနာ ပေးပါ။

ထိုအခါ မောင်တို့မယ်တို့သည် ပညာပြည့်ဝ နှလုံးလှကြသည့်အလျောက် တန်ဖိုးရှိသောလူမွန်များဖြစ်ကြမည်။ ရပ်ရွာကောင်းအောင်၊ တိုင်းပြည် ကောင်းအောင် ဆောင်ရွက်နိုင်ကြပါလိမ့်မည်။ အောင်မြင်တိုးတက်ကြပါစေ။ အချိန် ၁၀နာရီမှစ၍ ၁၁နာရီတိတိမှာ တစ်ကိုယ်တော် စာပေဟောပြောပွဲပြီးဆုံးသည်။ ပွင့်လင်းရာသီတွင် ကားလမ်းတောက်လျှောက် ပေါက်သည့်အခါ အခြားစာရေးဆရာကြီးတွေပါ ဖိတ်ကြားပြီးနောက် တစ်ခေါက် လာစေချင်ပါသေးသည်ဟု ပြောပြမိပါသည်။

လေးအိမ်စုရွာမှ ပဲ့ထောင်လှေလေးဖြင့် မွန်းလွဲ၂နာရီခန့်တွင် စာရေးသူတို့ ထွက်ခွာခဲ့ကြသည်။ ဆွေမျိုးသားချင်းတွေပမာ မြစ်ဆိပ်ကမ်းမှာ လက်ပြေ့ယမ်း နှုတ်ဆက်ပြီးကျန်ခဲ့ကြသည်။ ကရင်တိုင်းရင်းသားများ၏ ရိုးသားပွင့်လင်းပြီး ချစ်စရာကောင်းလှသော ဓလေ့စရိုက်များကို လေးအိမ်စုရွာသို့ နေ့ချင်းပြန် တစ်ရက်ခရီးကြောင့် ဘဝတစ်သက်တာ မမေ့နိုင်တော့ပါ။ စည်းလုံးညီညွတ်သော၊ ပညာလိုလားသော၊ စာပေလေ့လာဖတ်ရှုခြင်း အားကောင်းသော ကရင်ရွာကြီး၏ အနာဂတ်သည် ပိုမိုလင်းလက် တောက်ပလာဦးမည်မှာ အထူးပြောနေစရာ မလိုတော့ပါ။ ။

အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲပြီးစီး စီးပွား/ကူးသန်းက ဘဏ္ဍာ/အခွန်ကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ဘဏ္ဍာ/အခွန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ဦးဆောင်ဂိုး

ဘဏ္ဍာ/အခွန်အသင်းက ပွဲပြီးကာနီးအထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း စီးပွား/ကူးသန်းအသင်းက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ အချိန်ပိုမိနစ်၃၀ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် စီးပွား/ကူးသန်းအသင်းက အနိုင်ဂိုးသွင်းယူပြီး ကွင်းဖွင့်ဖလားကို ဆွတ်ခူးသွားခြင်း ဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်း၁၂မိနစ်တွင် ကျော်ကျော်စိုးကသွင်းယူပေးသည်။ စီးပွား/ကူးသန်းအသင်းအတွက် ချေပဂိုးကို ပွဲချိန်၈၈မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် တင်မင်းထွန်းက ခေါင်းတိုက်သွင်းယူပေးသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းမှ ရှေ့တန်းတိုက်စစ်မှူး ကျော်ကျော်စိုး၏ ထိုးဖောက်မှုကို စီးပွား/ကူးသန်းအသင်းမှ နံပါတ် (၅)ကျော်ကျော်ထွန်း လိုက်ကပ်ထားရာ ဘောလုံးဝါသနာအိုးများ စိတ်ဝင်တစား ကြည့်ရှုအားပေးကြစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဘောလုံးပိုင်ဆိုင်မှု

ပုံမှန်ပွဲကစားချိန်မိနစ်၉၀ပြီးဆုံးသည်အထိ တစ်ဂိုးစီသရေပွဲဖြစ်နေ၍ အချိန်ပို မိနစ်၃၀ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို ပထမပိုင်း ၂မိနစ်တွင် စီးပွား/ကူးသန်းအသင်းအတွက် ကျော်ဇင်ဝင်း ဒုတိယဂိုးသွင်းယူပေးသည်။ စီးပွား/ကူးသန်းအသင်း ဦးဆောင်ဂိုးရရှိပြီး မကြာမီ အချိန်ပိုပထမပိုင်း၁၀မိနစ်တွင် မျိုးလှိုင်ဦးက တတိယဂိုးသွင်းယူပေးသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ဒုတိယဂိုးကို အချိန်ပို ပထမပိုင်း၁၃မိနစ်တွင် စိုးမြတ်မင်းက ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူပေးသည်။အချိန်ပို ဒုတိယပိုင်းတွင် စီးပွား/ကူးသန်းအသင်းက ချေပဂိုး မပေးရရေးအတွက် ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားရာ ပွဲအပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒုတိယရရှိသော ဘဏ္ဍာ/အခွန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမရရှိသော စီးပွား/ကူးသန်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနိုင်ရဗိုလ်စွဲသွားသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလားချီးမြှင့်စဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

တံခွန်စိုက်ဆု

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမရရှိသော စီးပွား/ကူးသန်းအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေကျပ်သိန်း၃၀ ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

မုံရွာအပျော်တမ်းဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

မုံရွာဂေါက်ကလပ်ကကြီးမှူး၍ International Beverages Trading Co.,Ltd.၏ ပံ့ပိုးကူညီမှုဖြင့် မုံရွာအပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၉ရက်နှင့် ၃၀ရက်တွင် မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲတွင် ရွှေအဆင့်၊ ငွေအဆင့်နှင့် ကြေးအဆင့်ဟူ၍ အတန်းသုံးတန်း ပါဝင်မည်ဖြစ်ရာ အပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများပါဝင်ယှဉ်ပြိုင်နိုင်သည်။

ဆက်သွယ်စုံစမ်း

ပါဝင်ယှဉ်ပြိုင်လိုသော အပျော်တမ်း ဂေါက်သီး ရိုက်အားကစားသမားများသည် ဇူလိုင် ၂၇ရက် ညနေ၄နာရီနောက်ဆုံးထား၍ မုံရွာဂေါက်ကလပ် ဖုန်း-၀၇၁-၂၁၅၅၀သို့ ဆက်သွယ်စာရင်း ပေးနိုင်သည်။ အသေးစိတ် အချက်အလက်များသိရှိလိုပါက ဗိုလ်မှူးမျိုးဟန်ချင်း ဖုန်း-၀၉-၅၃ ၃၀၃၄၅၊ အတွင်းရေးမှူး ဦးထွန်းရှင် ဖုန်း-၀၉-၅၃ ၃၁၆၇၃တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဘာသာရပ်အလိုက် အရည်အချင်းပြည့် ဆရာ၊ ဆရာမများ ခန့်ထားပေးမည် အရည်အချင်းမြင့်မားသော ကျောင်းသား၊ ကျောင်းသူများ မွေးထုတ်ပေး

ရန်ကုန် ဇူလိုင် ၂၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂နာရီခွဲက ကမာရွတ်မြို့နယ်အမှတ် (၁)အခြေခံ ပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးရုံးခန်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြူက သင်ကြားစီမံကိန်းစရင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးက သင်ကြားချိန်ပြည့်စွက်သင်ကြားရေး၊ ဘာသာရပ်အလိုက်ရမှတ်များ တိုးမြင့်လာအောင် သင်ကြားရေး၊ ဆရာ ဆရာမများ အရည်အသွေး မြင့်မားရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး ဓာတုဗေဒနှင့် ရူပဗေဒ လက်တွေ့ခန်းများ၊ စာသင်ခန်းများ၌ လက်တွေ့သင်ကြား သင်ယူနေမှုများကို လှည့်လည် ကြည့်ရှုသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဧည့်ခန်းဆောင်၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ကြိုင်နှင့်ဆရာမများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စမ်းချောင်းမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး စံပယ်ခန်းမ၌ တာဝန်ရှိသူ များ၊ မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများ၊ ဘာသာရပ်မှူးများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာဝန်ကြီးကဘာသာရပ်အလိုက် အရည်အချင်းပြည့်ဆရာဆရာမများဖြည့်ဆည်း ခန့်ထားပေးမည် ဖြစ်ကြောင်း၊အရည်အချင်း မြင့်မားသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ အရည်အသွေး ပြည့်မီအောင် ကြိုးစားအားထုတ်ရမည် ဖြစ်ကြောင်း၊ သင်ထောက်ကူပစ္စည်းများကို လက်တွေ့အသုံးပြုရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ချို့တဲ့ကျောင်းသူ ကျောင်းသားများ ပညာသင်ထောက်ပံ့မှုပေးအပ်ပွဲနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက် က အထက (၁)ကျောင်းခန်းမ၌ ပြုလုပ်ရာ ကန်တော်ကလေး(တောင်ပိုင်း)ရပ်ကွက်ဥက္ကဋ္ဌ ဦးလှထွန်းနှင့်ဇနီးဒေါ်မြင့်မြင့်တို့ လှူဒါန်းငွေ ၁၀၀၀၀၀ကို ရန်ကုန်အရှေ့ပိုင်း ခရိုင်တွဲဖက်အတွင်းရေးမှူး ဒေါ်လှဲ့လဲ့ဆွေက လက်ခံယူစဉ်။ (၂၅၉)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဝါဆိုသင်္ကန်းကပ်၊ ကျန်းမာရေး ဆေးပေးခန်းလွှဲပြောင်းပေးအပ်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း(MWEA)၏ န၀မအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းလွှဲပြောင်းပေးအပ်ပွဲနှင့် ပညာမိခင်အဖွဲ့မှ ကျောင်းသူသုံးဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၂ရက် နံနက် ၁၀နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာရှိ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းဝင် ၂၅ဦးတို့က စုပေါင်းလှူဒါန်းသည် ငွေကျပ် ၃၃သိန်းကုန်ကျသည့် ကျေးရွာကျေးလက်ကျန်းမာရေး ဆေးပေးခန်းသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့် အဖွဲ့ထံ စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပညာမိခင်ပညာသင်ထောက်ပံ့ရေးအစီအစဉ်အရ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ်အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်၊ အတွင်းရေးမှူး ဒေါ်လှဝတီတို့က မူလတန်းကျောင်းသူ သုံးဦးတို့အား မူလတန်းအဆင့်ပြီးဆုံးသည်အထိ ပညာသင်စရိတ်ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။ ယင်းနောက် ဦးမောင်လေး-ဒေါ်ခင်အေးဝင်း(အသင်းဝင်)တို့က ကျေးရွာမူလတန်းနှင့် အလယ်တန်းကျောင်းခွဲအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀ကို ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်

ထို့နောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကိုကျင်းပရာ အောင်မင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမဏ္ဍလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အသင်းတည်ထောင်သူ အကြံပေး အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ အကြံပေးဒေါ်ခင်အေးဝင်း၊ ဒေါ်ခင်ခင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီနှင့် အသင်းဝင်များက ဆရာတော် ဘဒ္ဒန္တမဏ္ဍလနှင့် သံဃာတော်များထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြကြောင်း သိရသည်။

(သတင်းစဉ်)

အာဆင်နယ်နှင့်အေဂျက်ဇ်အသင်းတို့ ယှဉ်ပြိုင်မည့်ပွဲ ဒင်းနစ်ဘားကမ့်မ်၏ နောက်ဆုံးနှုတ်ဆက်ပွဲဖြစ်

လန်ဒန် ဇူလိုင် ၂၂

ဒင်းနစ်ဘားကမ့်မ်သည် အာဆင်နယ်နှင့်အေဂျက်ဇ်အသင်းတို့ ဇူလိုင် ၂၂ ရက်တွင် ယှဉ်ပြိုင် ကစားအပြီး ဘောလုံးလောကမှ အနားယူပြီဖြစ်သည်။

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ရရှိခဲ့ကြောင်း၊ အာဆင်နယ်တွင် ကစားသည့်တစ်လျှောက် ပျော်ရွှင်မိကြောင်း၊ သို့ရာတွင် နှုတ်ဆက်ထွက်ခွာရန် အချိန်ရောက်ပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘားကမ့်မ်အား အာဆင်နယ်က ၁၉၉၅ ခုနှစ်က အင်တာမီလန်အသင်းမှ ပေါင် ၇ဒသမ ၅သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အာဆင်နယ်အသင်းအတွက် ပွဲပေါင်း ၄၂၃ပွဲ ပါဝင်ကစားပေးခဲ့သည်။ ကလပ်အသင်းသုံးသင်းပြောင်းရွှေ့ကစားခဲ့ရာတွင် အေဂျက်ဇ်နှင့် ပထမဆုံးအကြိမ် ထိပ်တိုက် တွေ့ဆုံကစားရခြင်းဖြစ်သည်။ ထိုပွဲသည် ဘားကမ့်မ်၏ နောက်ဆုံးပွဲဖြစ်ပြီး အရာအားလုံးသည် ၎င်းအတွက် အမှတ်တရဖြစ်စေလိမ့်မည်ဖြစ်သည်။

ဒင်းနစ်ဘားကမ့်မ်

အာဆင်နယ်မှာ ကစားခဲ့သော သက်တမ်း တစ် လျှောက် ပျော်ရွှင်မှုရခဲ့သည်ဟု ပြောသော ဒင်းနစ်ဘားကမ့်မ်။

(ဓာတ်ပုံ-အင်တာနက်)

ကုန်အောင်ရောင်းချရ

ယင်းပွဲသည် ဘားကမ့်မ်၏ နှုတ်ဆက်ပွဲဖြစ်သကဲ့သို့ အီးမရိတ်ကွင်းသစ်ကြီး၏ ပထမဆုံးလက်မှတ်စောင်ရေ ၅၄၀၀၀ကုန်စင်အောင်ရောင်းချရသည့်ပွဲလည်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ထိုကွင်းသစ်ကြီးနှင့် ထိုက်တန်ကြောင်း၊ သို့ရာတွင် မိမိပါဝင်တော့မည်မဟုတ်၍ ဝမ်းနည်းမိကြောင်း အသက် ၃၇ နှစ်အရွယ်ရှိ ဘားကမ့်မ်က ဝမ်းနည်းစွာဖြင့် ပြောကြားသည်။

သို့ရာတွင် ဟိုက်ဘူရီတွင် အောင်မြင်သော ဘောလုံးသမားဘဝကို

သက်တမ်း

ဘားကမ့်မ်သည် နယ်သာလန်အသင်း တိုက်စစ်မှူးဖြစ်ပြီး အသက် ၁၇ နှစ် အရွယ်မှ စပြီး ကြေးစားဘောလုံးသမား ဖြစ်လာခဲ့သည်။ အသက်၁၂နှစ်တွင် အေဂျက်ဇ်အသင်းတွင် စတင်ကစားခဲ့သည်။ ဘားကမ့်မ်၏ဘောလုံးကစားသက်တမ်း ၂၅နှစ်ရှိခဲ့သည်။

အမှတ်တရ

ဘားကမ့်မ်သည် အာဆင်နယ်၏ ကွင်းသစ်ကြီးတွင် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကစားပြခဲ့သည်။ သို့ရာတွင် အားကစားလောကမှ ဘားကမ့်မ် တစ်ယောက် အနားယူတော့မည်ဖြစ်

ဂန္ထဝင်စံတင်

ဘားကမ့်မ်သည် အေဂျက်ဇ်အသင်း၊ အင်တာမီလန်အသင်းနှင့် အာဆင်နယ်အသင်းတို့တွင် သူ၏ ဘောလုံးသမားဘဝကို ကုန်လွန်စေခဲ့ပြီး ထိုအသင်းများတွင် ကစားသည့် ကာလတစ်လျှောက် အောင်မြင်မှုဆုဖလားများ ဆွတ်ခူးပေးရာတွင် အထူး စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ နယ်သာလန်တစ်ဦးအနေဖြင့် ဘောလုံးလောကတွင် ဂန္ထဝင် စံတင်လောက်သည့် ဘောလုံးသမားတစ်ဦး ဖြစ်ခဲ့သည်။ ။

(အင်တာနက်)

တောင်ပံကစားသမား ရော်ဘင် ချယ်လ်ဆီး၌သာဆက်ကစားမည်

လန်ဒန် ဇူလိုင် ၂၂

ချယ်လ်ဆီးအသင်း၏ တောင်ပံကစားသမား အာဂျန်ရော်ဘင်အား ရီးရဲမက်ဒရစ်မှ စိတ်ဝင်စားနေသော်လည်း ချယ်လ်ဆီးအသင်းက လက်လွှတ်လိမ့်မည်မဟုတ်ကြောင်း အသင်း အမှုဆောင်အရာရှိ ပီတာကင်ယွန်နှင့် နည်းပြ မော်ရင်ဟိုတို့က ထုတ်ဖော်ပြောကြားလိုက်သည်။



ချယ်လ်ဆီး၌သာဆက်ကစားမည့် ရော်ဘင်။

(ဓာတ်ပုံ-အင်တာနက်)

ကတိပြုထား

ရီးရဲဥက္ကဋ္ဌ ရာမွန်ကယ်ဒါရွန်က အသက် ၂၂နှစ်အရွယ်ရှိ အာဂျန်ရော်ဘင်အား ခေါ်ယူရန် ကတိပြုထားသည်။

သေချာမှုရှိ

ရော်ဘင်အား ချယ်လ်ဆီးအသင်းတွင် ဆက်ထားရန် ရာနှုန်းပြည့် သေချာမှုရှိကြောင်း နည်းပြ မော်ရင်ဟိုက ပြောသည်။

ရော်ဘင်အား ရီးရဲက တရားမဝင်ချဉ်းကပ်မှုကို စုံစမ်းစစ်ဆေးပေးရန် ချယ်လ်ဆီးက ဖီဖာသို့ တိုင်တန်းပြောကြားခဲ့သည်။ ရော်ဘင် ချယ်လ်ဆီး၌သာကစားရန် သေချာကြောင်း ကင်ယွန်က ပြောကြားလိုက်သည်။

(အင်တာနက်)

နောက်တန်းလူ ဒယ်ဟော်နိုအား ဗလင်စီယာသို့ ရောင်းချရန် ချယ်လ်ဆီးသဘောတူညီ

ဗလင်စီယာ ဇူလိုင် ၂၂

စပိန်ဘယ်နောက်တန်းကစားသမား ဒယ်ဟော်နိုအား စပိန်ပရီမီယာလီဂါကလပ်ဖြစ်သော ဗလင်စီယာအသင်းသို့ ရောင်းချရန် ချယ်လ်ဆီးက သဘောတူညီလိုက်ပြီဖြစ်သည်။

ဒယ်ဟော်နို

စပိန်သို့ ရောက်ရှိမည့် ချယ်လ်ဆီး နောက်တန်းကစားသမား ဒယ်ဟော်နို။

(ဓာတ်ပုံ-အင်တာနက်)



ပရီမီယာရှစ်ချန်ပီယံ ချယ်လ်ဆီးက အဆိုပါ ကစားသမားပြောင်းရွှေ့ကြေးကိစ္စနှင့်ပတ်သက်ပြီး အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် ဒယ်ဟော်နိုသည် ကိုယ်ရေးကိုယ်တာကိစ္စများဆွေးနွေးရန် စပိန်သို့ ထွက်ခွာသွားသည်။

ပြောင်းရွှေ့ခဲ့

အသက၂၅နှစ်အရွယ်ရှိ ဒယ်ဟော်နိုသည် ပြီးခဲ့သောနွေရာသီက ပေါင် ၈သန်းဖြင့် ဘီလ်ဘာအိုအသင်းမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။

ချယ်လ်ဆီးက ဘယ်နောက်တန်းနေရာကို အစားထိုးရန် အာဆင်နယ်မှ အက်ရှ်လေကိုးအား ကမ်းလှမ်းဆက်သွယ်ထားသည်။

တောင်ပံကစားသမား ဒါမီယန်ဒပ်ဖ်သည် ချယ်လ်ဆီးမှ နယူးကာဆယ်အသင်းသို့ ရောက်ဖွယ်ရှိနေသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆက်တွဲဂယက်များ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီး နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲဝင် နိုင်ငံကိုယ်စားပြု အသင်းများ၏ နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ - **မောင်မောင်မြင့်ဆွေ**

ဂျပန်နည်းပြသစ်အဖြစ် အိုင်ဗီကာအိုဆမ်။

ဂျပန်နည်းပြသစ်အဖြစ် အိုင်ဗီကာအိုဆမ်အားခန့်အပ်

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် ဂျပန်အသင်းသည် အုပ်စုပထမအဆင့်၌ပင် ပြိုင်ပွဲမှထွက်ခဲ့ရသဖြင့် ဂျပန်နည်းပြဇစ်ကို နုတ်ထွက်သွားခဲ့သည်။

ထို့ကြောင့် ဂျပန်အသင်းက နည်းပြအသစ်ကို ခန့်ထားရာ၌ ယူဂိုဆလပ်နည်းပြဟောင်း အိုင်ဗီကာအိုဆမ်အား ရွေးချယ်တာဝန်ပေးလိုက်ပြီဖြစ်ကြောင်း ဂျပန်ဘောလုံးအဖွဲ့ချုပ်က ဇူလိုင်၂၁ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

အသက် ၆၅နှစ်အရွယ်ရှိ အိုဆမ်က ဂျပန်အသင်း အောင်မြင်မှုရရှိရေး တွန်းအားပေး ဆောင်ရွက်သွားရန် အားလုံး ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အိုဆမ်သည် ၁၉၉၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ယူဂိုဆလပ်အသင်းကို ကွာတားဖိုင်နယ်အထိ ရောက်အောင် စွမ်းဆောင်ပေးခဲ့သူတစ်ဦးဖြစ်သည်။

အိုဆမ်အနေဖြင့် ဩဂုတ် ၁၆ ရက်တွင် အာရှဖလားခြေစစ်ပွဲအဖြစ် အိမ်ကွင်း၌ ယီမင်နှင့် ကစားရမည်ဖြစ်ပြီး ဩဂုတ် ၉ ရက်၌ ချစ်ကြည်ရေးပွဲအဖြစ် ထရီဒက်နှင့် တိုဘာဂိုအသင်းနှင့်ကစားရမည့် ပွဲများကို စတင်ကိုင်တွယ်ရတော့မည်ဖြစ်သည်။



ဘရာဇီးကစားသမား ရော်ဘင်ဟို။

ဘရာဇီးအသင်း အမှားများပြုလုပ်ခဲ့ကြောင်း ရော်ဘင်ဟိုပြောကြား

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိမိတို့ဘရာဇီးအသင်း အမှားများပြုလုပ်ခဲ့ကြောင်း ဘရာဇီးကစားသမား ရော်ဘင်ဟိုက ပြောကြားလိုက်သည်။ ဘောလုံးပွဲစဉ်များတွင်လည်း နည်းပြပရဲရား၏ စီမံခန့်ခွဲမှု အားနည်းချက်များ ရှိခဲ့ကြောင်းလည်း ၎င်းက ပြောကြားသည်။

ဘရာဇီးဘောလုံးသမားများအားလုံး အရည်အချင်းရှိသူများ ဖြစ်ကြောင်း၊ ဘောလုံးစွမ်းရည်၊ ကျွမ်းကျင်မှုများထက် အနိုင်ရရှိရေး စိတ်ဓာတ်နည်းပါးခဲ့ကြကြောင်း ရော်ဘင်ဟိုက ပြောကြားလိုက်သည်။

ဘရာဇီးဘောလုံးသမားများ အားလုံးသည် မိမိဘောလုံးကစားမှု ကျွမ်းကျင်ကြောင်းကိုပြသလိုကြကြောင်း၊ ယင်းမှာ အမှားဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ဘရာဇီးအသင်းတွင် ကာဖူးနှင့်ကားလို့စ်တို့သာ တာဝန်ကျေကြပြီး ဘရာဇီးအသင်းကို အောင်ပွဲများရအောင် ဆောင်ရွက်ပေးနိုင်သူများဖြစ်ကြောင်း ရော်ဘင်ဟိုက ပြောကြားသည်။



ဆွီဒင်ကွင်းလယ်ကစားသမား တိုဘီရက်လင်ဒါရို။

ဆွီဒင်ကွင်းလယ်ကစားသမား တိုဘီရက်လင်ဒါရို တူရကီကလပ်၌ကစားမည်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ဆွီဒင်အသင်း၏ ကွင်းလယ်ကစားသမား တိုဘီရက်လင်ဒါရိုက မိမိအနေဖြင့် တူရကီကလပ် ဂါလက်တာစာရေးသို့ မိမိဆန္ဒအရ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ လင်ဒါရိုဒ်၏ ကမ္ဘာ့ဖလားပွဲစဉ်များကစားခဲ့သော ခြေစွမ်းကို တူရကီတို့က သဘောကျလျက်ရှိသည်။ ထို့ကြောင့် မိမိအနေဖြင့် ပြောင်းရွှေ့ကစားလိုခြင်းဖြစ်သည်ဟု တူရကီပရိသတ်ကြီးအား ပြောကြားခဲ့သည်။

ထို့အပြင် ဂါလက်တာစာရေးသည် မိမိကစားလိုသော ကလပ်အသင်းအချို့တွင် ပါဝင်ကြောင်း၊ ထို့ကြောင့် မိမိကစားခွင့်ရရှိရေး ဆက်သွယ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ တူရကီအသင်း ဇူလိုင်၂၆ရက်၌ ယူအီးအက်ဖ်အေချန်ပီယံလိဂ်ခြေစစ်ပွဲအောင်ရန် အစွမ်းကုန် ကြိုးစားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကင်ညာနည်းပြအဖြစ် ပြင်သစ်ဂိုးသမားဟောင်း တာဝန်ယူမည်

ပြင်သစ်ဂိုးသမားဟောင်း ဘာနက်လားမားကို ကင်ညာ ဘောလုံးအသင်း နည်းပြအဖြစ် တာဝန်ပေးမည်ဖြစ်ကြောင်း ကင်ညာဘောလုံးအဖွဲ့ချုပ်က ပြောကြားလိုက်သည်။

အသက်(၄၃)နှစ် အရွယ်ရှိ ဘာနက်လားမားသည် ကင်ညာအသင်းကို ၂၀၀၈ အာဖရိကဖလားဘောလုံးပြိုင်ပွဲနှင့် ၂၀၁၀ ကမ္ဘာ့ဖလားတို့၌ အောင်မြင်မှုများရအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ လားမားသည် ပြင်သစ်အသင်းခေါင်းဆောင်အဖြစ် ၄၄ပွဲ ကစားခဲ့ပြီးနောက်ပိုင်း ဘားသက်ဇ်က ၎င်း၏နေရာသို့ အစားထိုးရောက်ရှိခဲ့ခြင်းဖြစ်သည်။ ။ **(အင်တာနက်)**

လက်ထပ်ပြီးစီးခြင်း

Australia နိုင်ငံ၊ Sydney မြို့နေ
ဦးသောင်းအေး(Admin Officer, P.L.S Western Sydney)၏တူသား၊
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကုန်းရိပ်သာ၊
ခြံအမှတ် ၄၁/၁၃(အေ)နေ
ဦးအောင်မြင့်–ဒေါ်ခင်မြဆွေ(ပထမံဂမုန်းတစ်ထောင်တိုင်းရင်းဆေးဝါးလုပ်ငန်း)
တို့၏တစ်ဦးတည်းသောသား

မောင်အောင်သူ (ခ) Dominic Walter

(2nd Year in Financial Accounting) T.A.F.E College (Sydney Australia)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၉၁(အမ်)နေ
ဗိုလ်မှူးသန့်စင် (ငြိမ်း၊ ရုံးအဖွဲ့မှူး၊ စွမ်းအင်ဝန်ကြီးဌာန)–
ဒေါ်အေးအေးခိုင် (ရွှေဘုရင်စိန်ရတနာဆိုင်)တို့၏သမီးကြီး

မအေးဆုမြတ် (1st Year in Financial Accounting)

T.A.F.E ULTIMO, Sydney NSW

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူခွင့်ပြုချက်အရ
Australia နိုင်ငံ Sydney မြို့၌ ၁၈–၇–၂၀၀၆ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်သူ–မအေးဆုမြတ်။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ **စီမံခန့်ခွဲရေး Manager** **(1)Post**
- Business Management ဘွဲ့တစ်ခုခုရရှိထားရမည်။
- ကွန်ပျူတာ၊ E-Mail,Internet ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- အသက်(၃၅–၄၅)နှစ်ကြားရှိ၍ လုပ်သက် ငါးနှစ်ရှိရမည်။

၂။ **Accountant** **(2)Posts**
- ဘွဲ့ရ LCCI (Level-III) အောင်မြင်ပြီးသူ၊ လုပ်သက်(၃)နှစ်ရှိရမည်။
- Accounting Software ကိုကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

၃။ **Marketing Executive** **(2)Posts**
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
- ဘွဲ့ရ၊ Market Plan ရေးဆွဲနိုင်သူဖြစ်ရမည်။
- Marketing နှင့်ပတ်သက်၍ Diploma ရရှိသူကို ဦးစားပေးမည်။

၄။ **Import & Export (Executive)** **(1)Post**
- ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

၅။ **Civil Engineer** **(1)Post**
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိရမည်။

အမှတ်စဉ်အားလုံးအတွက် အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောနှင့် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ လျှောက်ထားလိုသူများသည် CV Form ၊ ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း စာတိုက်သေတ္တာ အမှတ်(၂၁၅)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ အရည်အချင်းပြည့်မီသူများကိုသာ လူတွေ့စစ်ဆေးရန်ခေါ်ယူပါမည်။

သစ်တောတွေပြုန်း ရေမြေဆုံး
ပျက်သုဉ်းကမ္ဘာ မရှည်ကြာ
သစ်တောတွေစိမ်း ရေမြေထိန်း
ဖွံ့ဖြိုးကမ္ဘာ လွန်ရှည်ကြာ



သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ အမှတ် ၇၄၀၊ အောက်လမ်းမကြီး၊ မောင်ငံကွင်းရပ် (ရပ်ကွက်)နေ ဦးတင်မြင့် ၁၀/ခဆန(နိုင်)၀၀၈၃၉၇–ဒေါ်စန်းမြင့် ၁၀/ခဆန(နိုင်)၀၀၈၃၉၂တို့၏ သမီးဖြစ်သူ မခင်မိုမြေး ၁၀/ခဆန(နိုင်)၀၃၆၇၁၆သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးတင်မြင့်–ဒေါ်စန်းမြင့်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သဃ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏ(၂၈)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်–၃၊ တိုက် ၁၆၅/၅နေ ကျွန်တော် ကျွန်မတို့၏သား မင်းမောင်မောင်ငန် ၁၂/သဃက(နိုင်) ၀၀၄၁၄၂သည် မိဘများဆုံးမစကားကိုမနာခံဘဲ မိဘ၊ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်လုပ်နေသောကြောင့် ၎င်းအား ၁၈–၇–၂၀၀၆ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စ အဝဝကို လုံးဝတာဝန်မယူပါ။ **မိဘ–ဦးအောင်မင်း–ဒေါ်မိအေးလှ။**

အောင်ချမ်းသာအိမ်ရာ၌ တရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်ရပ်ကွက် အောင်ချမ်းသာအိမ်ရာ သာသနာနုဂ္ဂဟဓမ္မာရုံ၌ ဇူလိုင်၂၄ရက် (တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသူရိယ (လွမ်းစေတီ) ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေဖက်စပ်လုပ်ငန်းရှင်များတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရွှေဖက်စပ်လုပ်ငန်းရှင်များ ထုတ်လုပ်မှုတိုးတက်ရေးတွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်၈နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ယင်းအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံ ရွှေဖက်စပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရွှေဖက်စပ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းမြင့်က သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများဆိုင်ရာကိစ္စများနှင့် ရွှေဈေးနှုန်း တည်ငြိမ်ရေး၊ ထိန်းသိမ်းရေး လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက ပြည်နယ်နှင့်တိုင်းအလိုက် ရွှေလျာထားချက်ထုတ်လုပ်မှုတို့ကို ပရိုဂျက်တာဖြင့် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေး

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် မြန်မာနိုင်ငံ ရွှေဖက်စပ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသူတော်တို့က အကြံပြု ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ တာဝန်ရှိသူများက ဒေသဆိုင်ရာအုပ်ချုပ်ရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ဆောင်ရွက်ချက်

ထို့နောက် မြန်မာနိုင်ငံ ရွှေဖက်စပ် လုပ်ငန်းရှင်များက ၎င်းတို့၏ ဆောင်ရွက်ချက်များ၊ အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်အခြေအနေများကိုဆွေးနွေးတင်ပြကြရာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ပြောကြားသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြိတ်မြို့နယ်လုံးကျွတ် သီလရှင်ဝတ်စုံနှင့်ဆွမ်း၊ဆန်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော တတိယအကြိမ်မြောက် မြို့နယ်လုံးကျွတ် သီလရှင်ဝတ်စုံနှင့် ဆွမ်းဆန်တော် လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၁၁ရက် နံနက်၈နာရီခွဲက မြိတ်မြို့ သိမ်တော်ကြီးစေတီတော်ဗုဒ္ဓသာသနာ့ ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ စံကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပဏ္ဍိတဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တနင်္သာရီတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေး၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးနှင့်အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီးနောက် သီလရှင်ဆရာကြီးများအား သီလရှင်ဝတ်စုံ၂၆၆စုံ၊ ဆွမ်းဆန်အိတ်၆၀ စုစုပေါင်းတန်ဖိုးငွေကျပ်၁၉သိန်းဖိုးလှူဒါန်းကြသည်။**(အပေါ်ပုံ)**

လှူဒါန်းမှု အစုစုအတွက် အနုမောဒနာတရားကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဗိုလ်တထောင်ဆရာတော် ဘဒ္ဒန္တသုဒဿနာဘိဝံသကချီးမြှင့်တော်မူကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ဇူလိုင်၁ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ရေပေးရေး လုပ်ငန်းများနှင့် ရေတိုင်ကီများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ညောင်ဦးဆေးရုံသို့ ဆေးပဒေသာပင်လှူဒါန်း

မန္တလေး ဇူလိုင် ၂၀

မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့က ညောင်ဦးခရိုင်ဆေးရုံသို့ ဆေးပဒေသာပင် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၄ရက် နံနက်၈နာရီက အဆိုပါဆေးရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးနှင့်အဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြု ဆရာမများတက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းကညောင်ဦးခရိုင်ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်းကိုပေးအပ်လှူဒါန်းရာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်ညိုညိုလတ်က လက်ခံယူသည်။ **(ယာပုံ)**

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့်စုပေါင်းသန့်ရှင်းရေး လုပ်ငန်းကို ရေတာရှည်မြို့ ပြည်သူ့ဆေးရုံဝင်း အတွင်း၌ ဇူလိုင်၃ရက်က ကျင်းပ ရာ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

လူနာများအား ဆေးဝါးအတွက် ထောက်ပံ့

ဒိုက်ဦးမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များဆေးဝါးနှင့်အာဟာရပေးအပ်

ဒိုက်ဦး ဇူလိုင် ၇

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် တာဝန်ရှိသူများ ဇွန်၂၉ရက်နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် တိုင်းရင်း ဆေးကုဌာနပရဆေးဥယျာဉ်အတွင်းရှိ ပရဆေးပင်များကိုကြည့်ရှုပြီး ဆေးကုဌာနရှိလူနာများအား ဆေးဝါးအတွက် ထောက်ပံ့ငွေများပေးအပ်၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် မူကြိုကျောင်းအား ကြည့်ရှု၍ မူကြိုကျောင်းသူကျောင်းသား၂၀ အား ဝတ်စုံ၊ကစားစရာ၊စားသောက်ဖွယ်ရာနှင့် အမှတ်တရပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကတုတ်ဘုရားကြီး ကျေးလက်ကျန်းမာရေးဌာနတွင် ကိုယ်ဝန်ဆောင်များကိုကြည့်ရှုပြီး ကိုယ်ဝန်ဆောင်မိခင်များလိုအပ်သောဆေးဝါးများနှင့်အာဟာရဖြစ်စေသောအစားအစာများ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လိုက်မြို့၌ စိုက်ပျိုးထားသော ပန်းအလှပင်များကို ဇွန်၂၂ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲထွဋ်က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ကလေးမြို့ ကန်သာယာကျေးရွာအမကသို့ ငွေလှူဒါန်း

ကလေး ဇူလိုင် ၁၄

စစ်ကိုင်းတိုင်း ကလေးမြို့နယ် ကန်သာယာကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်၁၀ရက် နံနက်၁၀ နာရီက ကလေးမြို့ နေရဥ္စရာခန်းမဆောင်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကလေးမြို့နယ် ဘော်ဒါဆောင်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းက ကန်သာယာ အခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေကျပ် ၃၅၄၀၀၀ကို ပေးအပ်လှူဒါန်းရာ ကန်သာယာ ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ် ဦးမန်ချွန်းက လက်ခံယူသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်က ဘော်ဒါဆောင်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (၄၁၇)

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော ရွာသစ်ကေလမ်းနှင့် စုပေါင်းရုံး လမ်းထောင့်တြိဂံပုံ မြေယာရှုခင်း အလှပြင်ဆင်ခြင်းလုပ်ငန်းကို ဇွန်၁၇ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလကွယ်နေ့

၂၄-၇-၂၀၀၆(တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀	တရားတော် (ဝါဆိုလကွယ် တရားတော်)

နေ့လယ်ပိုင်း

၀၉:၀၀	နဝင်္ဂဥပေါသထ သီလပေးတရားတော် (ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ)
၁၁:၁၅	စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဆေးဝါးအမယ်သစ် (အမည်သစ်) ထုတ်လုပ်ရေး- ဆေးဖက်ဝင် ကမ္ဘာဦးပင်)
၁၂:၀၀	ဝါဆိုလကွယ်နေ့ တရားတော်
၁၂:၂၅	အားကစားသတင်းပဒေသာ
၁၂:၃၅	သီချင်းကြီးပဒေသာ (၁) ကိန္နရာချောင်းခြား(ပတ်ပျိုး)- တင်တင်ထွေး (၂) ခွန်းထောက်အစချီမှုံပြာဝေ (ယိုးဒယားသံဆန်း) (စောင်း၊ကပစ- ရဲဘော်ဝင်းမောင်)
၁၃:၁၀	ပညာရေးအသံလွှင့်အစီအစဉ် (တတိယတန်း-အခြေခံသိပ္ပံ) (အရာဝတ္ထုများတုန်ခါခြင်းကြောင့် အသံဖြစ်ပေါ်ခြင်း)

ညနေပိုင်း

၁၆:၀၀	မင်းကွန်းဆရာတော်ကြီး၏ ခန္ဓသုတ်ပါဠိနှင့်အနက်
၁၆:၁၅	မြတ်နိုးစရာ ကျေးရွာတေးကဗျာ (၁) သမိုင်းလမ်းမှ ရွာကလေး (၂) ပေါင်းကူးတံတားလေး လယ်ပြင်ရွာ (၃) လွမ်းစွာသာမော ဒို့လယ်တော
၁၇:၄၀	မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာတို့အကျိုးပြုနေသော မြန်မာ့ဝါး-ခင်ဇေ-စက်မှု)
၁၈:၄၅	အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်-ဦးဘုန်းမြင့်) Better English
၁၉:၁၅	မြန်မာမှုမြန်မာ့သဘင် (ကွက်စိပ်) (တွံတေးဒဂုံဆရာညွန့်၏ ဗုဒ္ဓဝင်လယ်ထွန်မင်္ဂလာကွက်စိပ်)
၂၀:၃၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) လမ်း၌တွေ့သော သစ်ပင်တစ်ပင် (၂) သစ္စာထားတဲ့ မေတ္တာသမား (၃) အချစ်သာထာဝရ
၂၀:၅၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်(၁၀)မျက်နှာ မေတ္တာဘာဝနာတရားတော်

တိုက်ကြီးမြို့ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဥက္ကံမြို့ အနော်ရထာရပ်ကွက်ရှိ ပင်မရေနုတ်မြောင်းတွင် ဇွန်၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေနုတ်မြောင်း တူးဖော်ကြစဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

မအူပင် ဇူလိုင် ၂၂

မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်အောက် ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံး ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန်၂၇ရက် ညနေက မအူပင်ခရိုင် ပြည်သူ့အားကစားကွင်းတွင် ကျင်းပသည်။

ပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၁/၃)ရပ်ကွက် ဘောလုံးအသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ထိုက်က တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွမ်းလုံ၌ စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသူများဆုချီးမြှင့်

ကွမ်းလုံ ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှဗိုလ်မှူးကြီးတင်အောင်နှင့်ဇနီးဒေါ်ဆွေဆွေလှ၊ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယကဒေါက်တာခင်နှင်းရီနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမွန်နှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထကကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ရင်နှင့် ဆရာ ဆရာမများနှင့် ဆုရကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇေကြိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းနှင့် အလယ်တန်းအဆင့်ဆုရ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး
ကြို့ပင်ကောက်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကြို့ပင်ကောက် ဇူလိုင် ၁၈

ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ကျင်းပသော ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁၃ရက် နံနက် ၈နာရီက ကြို့ပင်ကောက်မြို့နယ် သပြေရုံကျေးရွာ၌ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ခရိုင်သစ်တော ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးလှမင်းနှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် သပြေရုံ၊ ကြို့ပင်စခန်းကျေးရွာအုပ်စုမှ ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ ကျွန်းပင်၊ ခြစည်းရိုးကြက်ဆူပင်၊ ပန်းအလှပင်နှင့် အရိပ်ရပင်စုစုပေါင်း ၁၈၀၀ကို စိုက်ပျိုးကြသည်။**(အပေါ်ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုတော်မူကြသော သံဃာများနှင့် ကုလဝိသေသီစာသင်တိုက်မှ သီလရှင်များအား ရွှေမုဋ္ဌောဘုရား အရှေ့ဘက်မုခ် ဒေါ်လှယဉ်မွှာရုံ မြို့မဆွမ်းလောင်းအသင်းက ဝါတွင်းသုံးလတိုင်တိုင် အရဏ်ဆွမ်းလောင်းလှူလျက်ရှိရာ ဇူလိုင်၁၄ရက်က ပုသိမ်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(က)အဆင့် ဌာနခွဲမန်နေဂျာ ဦးကိုကိုလတ်-ဒေါ်ဇင်မာလှိုင် တို့အား အမှူးထား၍ ဌာနခွဲဝန်ထမ်းမိသားစုက အရဏ်ဆွမ်းလောင်းလှူကြစဉ်။

(က-ပ)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ မောင်တောမြို့၌ စာစီစာကုံးပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

မောင်တော ဇူလိုင် ၅

မောင်တောခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက် နံနက်၁၁နာရီက မောင်တောမြို့ အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို မောင်တောခရိုင် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင်က ဖတ်ကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးဆိုင်ရာ ဟောပြောပွဲကို တာဝန်ရှိသူများက ဟောပြောကြပြီး မူးယစ်ဒုက္ခမပေါ်ဆနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရသူ အထက်တန်းအဆင့်သုံးဦးနှင့် အလယ်တန်းအဆင့် သုံးဦးတို့ကို မောင်တောခရိုင် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရန်မျိုးအောင်နှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ညောင်ရွှေမြို့၌ ပျိုးပင်များ ပျိုးထောင်

ညောင်ရွှေ ဇူလိုင် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းသည် ဇွန် ၂၇ရက်က ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ရှိ ပျိုးပင်များ ပြုစုပျိုးထောင်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲမွန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးတို့က လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုး

ဖားကန့် ဇူလိုင် ၁၅

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ရက်က ဗျူဟာကုန်းအဆင်းလမ်းတစ်လျှောက် ပန်းခွက်များတွင် ပေါင်းမြက်များရှင်းလင်းခြင်း၊ ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ကို ဦးစီးအရာရှိ ဦးနေမျိုးနိုင် ဦးဆောင်သော ဝန်ထမ်းများ ဆောင်ရွက်ကြရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးကုသိုလ်ဖြစ်သံဃဆေးကုဌာနသို့ အလှူငွေများပေးအပ်

ပဲခူး ဇူလိုင် ၂၀

ပဲခူးမြို့ကုသိုလ်ဖြစ်သံဃဆေးကုဌာနသို့ ပဲခူးမြို့ ကြည်တော်ကုန်း(ခ) (၄)လမ်း နန်းတော်ရာရပ်ကွက်နေ ဦးဝင်းရွှေနှင့် မောင်နှမတစ်စုက အလှူငွေကျပ် ၆၀၀၀၀၀လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၅ရက်က ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်အနီး သုဒနသလမ်း ဆေးခန်းတည်ရာ၌ ကျင်းပသည်။

ကုသပေး

အခမ်းအနားသို့ ဆေးခန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင် မိသားစုများ တက်ရောက်ကြပြီး သံဃာ့ဆေးခန်းကြီးကြပ်မှုအဖွဲ့ ဘဏ္ဍာရေးမှူး ဦးကျော်က အလှူငွေများကို လက်ခံပြီး **(ဝဲပုံ)** သံဃဆေးကုခန်းတွင် သံဃာတော်များနှင့် သီလရှင်များကို ဆေးဝါးများ ကုသပေးကြသည်။

လှူဒါန်းနိုင်

အလားတူ ပဲခူးမြို့ အောင်သုခဓမ္မရိပ်သာ ဆရာတော်၏ တပည့်ယောဂီများကကုသိုလ်ဖြစ်သံဃဆေးကုဌာနသို့ ဇွန်၅ရက်က ထာဝရငွေ ပဒေသာပင်ငွေ ကျပ်၁၆၄၀၀၀၀၀ ကို လှူဒါန်းကြသည်။ လှူဒါန်းလိုသူများသည် ဆေးခန်းကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး ဖုန်း-၂၄၆၁၃နှင့် ဘဏ္ဍာရေးမှူး ဦးကျော်(ကမ္ဘာလင်း) ဖုန်း-၂၁၆၆၅ နှင့် ၀၉-၅၃၀၀၆၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဟားခါးမြို့ အထက(၃)ပြည်တော်သာကျောင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ဟားခါး ဇူလိုင် ၁၈

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အခမ်းအနားကို ဇူလိုင်၁၆ရက်နံနက်၉နာရီက ဟားခါးမြို့ အထက(၃)ပြည်တော်သာကျောင်းတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်ဦး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမင်းကြည်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

စိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မည့် အစီအစဉ်များရှင်းလင်းတင်ပြပြီး ပြည်နယ်အတွင်းရေးမှူးနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကျောင်းဝင်းအတွင်း သတ်မှတ်နေရာများတွင် သစ်ပင်မျိုးစုံကို စိုက်ပျိုးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဇူလိုင် ၅ရက်က မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်မြေတွင် စိုက်ပျိုးထားသော စားသုံးသီးနှံပင် ၁၀မျိုး စိုက်ခင်း၌ ဦးစီးအရာရှိ ဒေါ်ထွေးရီ ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ပေါင်းမြက်များ ရှင်းလင်းကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ခြံစည်းရိုးကြက်ဆူပင်မြေဩဇာကျွေးပွဲ လင်းခေး၌ကျင်းပ ပြည်သာယာလမ်း ကတ္တရာလမ်းခင်းရန် ပြုပြင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဇူလိုင် ၂ရက် နံနက် ၇နာရီခွဲက မြို့နယ်ဌာနဆိုင်ရာပေါင်းစုံ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစံပြကွက် ဧက ၁၀၀ စိုက်ခင်းတွင် စိုက်ပျိုးထားပြီး ခြံစည်းရိုးကြက်ဆူပင်များအား နွားချေးမြေဩဇာကျွေးပွဲ ကျင်းပသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းသည် လင်းခေးမြို့ ပြည်သာယာလမ်း(မြို့မတောင်)ရပ်ကွက်နှင့် (ဆေးရုံလမ်း)မြို့ဦးရပ်ကွက် မြို့မအနောက်လမ်းများကို နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း ၂၀၀အကုန်အကျခံကာ ကတ္တရာလမ်းခင်းကျင်းသွားရန်အတွက် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့မဈေးကြီးအတွင်း အသားရောင်းဈေးဆိုင်များတွင် ယင်နားစာများ မဖြစ်ပေါ်စေရေးအတွက် ယင်လုံဆန်ခါများကာရံခြင်း၊ ယင်ဆေးဖျန်းခြင်း၊ ပလတ်စတစ်အိတ်များ သုံးစွဲရောင်းချခြင်းကို ဇူလိုင် ၁ရက်က ဈေးဝန်ထမ်းများ စုပေါင်း၍ ယင်နိုင်ဆေးနှင့် ခြင်ဆေးများဖျန်းခြင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အထူးကုဆရာဝန်များအဖွဲ့ သက်ကြီးရွယ်အိုများ မျက်စိခွဲစိတ်ကုသ

ရန်ကုန် ဇူလိုင် ၂၂

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ ပြည်နယ်အတွင်းရှိ မြို့နယ် (၁၀)မြို့နယ်မှ မျက်စိဝေဒနာရှင် သက်ကြီးရွယ်အို ၁၀၀ ကျော်တို့အား ဇူလိုင် ၁၇ရက်မှစတင်၍ မော်လမြိုင်မြို့ရှိ ပြည်နယ် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ မျက်စိခွဲစိတ်ကုသပေးလျက်ရှိရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ဇူလိုင် ၁၉ရက်တွင် သွားရောက်ကြည့်ရှု အားပေးကြသည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီး ဒေါက်တာကျော်သူ၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်သူနှင့် အထူးကုဆရာဝန်များ၊ သူနာပြုများက သက်ကြီးရွယ်အိုများအား မျက်စိခွဲစိတ်ကုသပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဂုဏ်ပြုလွှာ

အဆိုပါ မျက်စိဝေဒနာရှင်များအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေမာလာရိပ်မွန်နေ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုးနှင့် သားသမီးမြေးတစ်စုက အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့တွင် အထက(၂)ဒဂုံ ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ် ဆရာကြီး ဦးတင်မောင်ထွန်း ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ဇူလိုင် ၁၆ရက်က ကျောင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ကြပြီး ခြံစည်းရိုးကြက်ဆူပင်နှင့် ပေါင်းပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

(ပညာရေး)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၄) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၅ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်း(စ)မှ မောင်ကောင်းမြတ်ဝင်းအား ကျောင်းအုပ်ဆရာကြီး ဦးသောင်းရွှေက ဆုချီးမြှင့်စဉ်။

(၂၅၉)

ညောင်လေးပင်မြို့နယ်တွင် ရန်ကုန်-မန္တလေးလမ်းဘေးရှိ ပိန်းဇလုပ်မြို့အဝင် လမ်းလယ်ကျွန်းတွင် ပန်းအလှပင်များဖြင့် မြေခင်းအလှပြုပြင်မှုကို ဇူလိုင် ၁၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကိုကိုတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ကသာခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်

ကသာ ဇူလိုင် ၅

ကသာခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင် တက်ရောက်အမှာစကားပြောကြားသည်။

သုံးသပ်ညှိနှိုင်း

အခမ်းအနားတွင် စီမံကိန်းဌာနခရိုင်ဦးစီးအရာရှိ ဦးတင်မြင့်က ကသာခရိုင်အတွင်းရှိ မြို့နယ်တစ်ခုချင်းအလိုက် ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်မှု အခြေအနေကို တင်ပြပြီး မြို့နယ်ဥက္ကဋ္ဌများက ပြန်လည်သုံးသပ်ညှိနှိုင်းကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်က မြို့နယ်တစ်ခုချင်းအလိုက် မြို့နယ်ဥက္ကဋ္ဌများနှင့် စီမံကိန်းမှူးများအား စီမံကိန်းတာဝန်များ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမှတ်(၂၅)ဘယသုဒ္ဓိလမ်း ကျားကွက်သစ်ရပ်ကွက် တာမွေမြို့နယ်နေ ဦးအေးသန်း-ဒေါ်အုံးကြိုင်၊ သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းတစ်သောင်းတစ်ထောင်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။

(က-ပ)

အခြေခံကွန်ပျူတာသင်တန်း မြင်းခြံမြို့၌ဖွင့်

မြင်းခြံ ဇူလိုင် ၁၀

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ အခြေခံကွန်ပျူတာ ဘာသာရပ်များ သိရှိကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် ကွန်ပျူတာ သိရှိတတ်ကျွမ်းသူ ဝန်ထမ်းနှစ်ဦးက တာဝန်ခံသင်ကြားမည့် အခြေခံကွန်ပျူတာ သင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၈ နာရီက အဖွဲ့ရုံး၌ကျင်းပရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်က သင်တန်းဖွင့် အမှာစကားပြောကြားကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ အလှူငွေပေးအပ်

တောင်ငူ ဇူလိုင် ၁၂

တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မာအေးက ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များသို့ အလှူငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ တောင်ငူပညာရေးကောလိပ်ပထမနှစ်သင်တန်းသူ မစန်းနွယ်ဦးအား ငွေကျပ် ၃၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များအတွက် ငွေပဒေသာပင်နှင့် ပစ္စည်းများလှူဒါန်း

ကဝ ဇူလိုင် ၉

ပဲခူးတိုင်း တိုင်းလုံးကျွတ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးသည့်အခမ်းအနားတွင် လှူဒါန်းကြသော ငွေပဒေသာပင်နှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် မွန်းတည့် ၁၂ နာရီက ကဝမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုင်းမောင်လူနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ငွေပဒေသာပင်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက ငွေကျပ် ၇၅၀၀၀၀ ကို ငွေပဒေသာပင်အဖြစ် ထားရှိဆောင်ရွက်နိုင်ရေးအတွက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်းသို့ ပေးအပ်ပြီး အသုံးအဆောင်ပစ္စည်းများဖြစ်သည့် ရုပ်မြင်သံကြားပြစက်သုံးလုံး၊ ဘက်ထရီအလုံး ၅၀၊ ရေဒီယို ၁၈ လုံး၊ သုတ၊ရသစာအုပ် ၁၇၇အုပ်တို့ကို ကျေးရွာစာကြည့်တိုက်ကော်မတီများသို့ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ် ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အီဂျစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၆ခုနှစ် ဇူလိုင်၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာအာမက်နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မင်းတပ်–မတူပီကားလမ်း မြေထိန်းကျောက်နံရံများတည်ဆောက်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

ချင်းပြည်နယ် မင်းတပ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ *စာမျက်နှာ ၇ ကော်လံ ၁* ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းတပ်–မတူပီကားလမ်းတွင် မြေထိန်း ကျောက်နံရံများ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သံလွင်နှင့် စစ်တောင်းမြစ် စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၂၂

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၅၂စင်တီမီတာသို့ရောက်ရှိနေပြီး အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၇၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၂၄စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအပေါ်ကူညီထောက်ပံ့ခြင်းမပြုဘဲ ဖိအားပေးဟန့်တားလျှင် ပြည်သူများအားကူညီရာမရောက် မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံအပေါ် အပြုသဘောဖြင့်ပြန်လည်သုံးသပ်သင့် အမျိုးသမီးများအားအကြမ်းဖက်မှုမှကာကွယ်ရေး၊ လူမှောင်ခိုကူးမှုတားဆီးကာကွယ်ရေးဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့်အဖွဲ့ဝင်များအား Washington DC, Department of State မှ Foreign Affairs Officer, Ms.Sarah Burkley သည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Dean Tidwell နှင့် အတူ ဇူလိုင် ၂၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေ၊ အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်ထူးရော်၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာနကြီး ဒုတိယခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်မြင့်ကြည်နှင့် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ပါမောက္ခဒေါ်သန်းနွဲ့တို့လည်း တက်ရောက်ကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ✱